FDB
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma
eBulletin

မေ ၃၁၊ ၂၀၁၀ သတင်းလွှာ အမှတ်စဉ် ၅/၂၀၁၀



"အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအား လှိုက်လှိုက်လှဲလှဲ တောင်းဆိုလိုသည်မှာ အားလုံးက စစ်အစိုးရအား အမျိုးသားပြန်လည်စည်းလုံးရေးအတွက် ခြေလှမ်းများ လှမ်းရေးကို တလေသံတည်း ဖိအားပေးရန်ဖြစ်ပြီး၊ ထိုသို့လုပ်ဆောင်ခြင်းမပြုပါက ရွေးကောက်ပွဲရလဒ်အား အသိအမှတ်ပြုလိမ့်မည်မဟုတ်ကြောင်း အသိပေးပြောကြားပေးရန် ဖြစ်သည်။"

(ဦးဝင်းတင်)

*The Jakarta Post, By U Win Tin, 27th May 2010*

# (၁၂၀) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမား (မေဒေး) နေ့ အခမ်းအနားကျင်းပ

**ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့၊ ၁၊ ၅၊ ၂၀၁၀။**

ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့ ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ရုံးတွင် (၁၂၀) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမား (မေဒေး) နေ့ အခမ်းအနားတခု ကျင်းပခဲ့သည်။ မေဒေးနေ့ အခမ်းအနားကျင်းပရာတွင် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့နှင့်အတူ DPNS / BWU / FED / MAP / OIA / ALC / PKGWA / IRC / IOM အပါအဝင် အဖွဲ့ (၁၀) ဖွဲ့ စုပေါင်း ကျင်းပခဲ့သည်။

အခန်းအနားတက်ရောက်လာသူ တောင်ယာတွင် အလုပ်လုပ်ကိုင်သော ကိုမင်းစိုးမှ "အလုပ်သမား ရပိုင်ခွင့်များနှင့်ပတ်သက်ပြီး လေ့လာခွင့်ရခဲ့သလို ဥာဏ်စမ်းပဟေဠိအစီအစဉ်များ ရခိုင်ရိုးရာအကများအပြင် အကျွေးအမွေးများဖြင့် ဧည့်ခံခြင်းကြောင့် အလွန်ပျော်ရွှင်ရပါသည်" ဟု ဆိုပါသည်။

အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားတဦးမှလည်း "ကျမတို့ စက်ရုံက အလုပ်သမားတွေရော တခြားစက်ဆွဲရုံက အလုပ်သမားတွေပါ လာတက်ကြတယ်လေ။ ဒီပွဲမှာ ကျမတို့ အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေအကြောင်းကို ပိုသိလာရတယ်၊ နောက်ပြီး ထိုင်းမှာ ကျမတို့ မြန်မာအလုပ်သမားတွေ အဆမတန် အခိုင်းခံနေရတာ၊ လုပ်အားခတွေ တကယ်ရသင့်တာထက် တဝက်လောက်သာရတာတွေ၊ ရပိုင်ခွင့်တွေ အခိုးခံရတာတွေ တကယ်တမ်းဖြစ်နေပေမယ့် သတိမထားမိဘူး၊ စားဝတ်နေရေးကိုပဲ ကြိုးပမ်းနေရတယ်။ ခုလို ပြန်ကြားရတော့မှ ကျမတို့ဘဝတွေက ဒီလိုဖြစ်နေပါလားလို့ သတိမူစရာလေးတွေ ဖြစ်လာတယ်" ဟု ပြောပါသည်။




**မေဒေးနေ့ အခမ်းအနား ကျင်းပနေစဉ်**

ယနေ့ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ဘန်ကောက်မြို့ရှိ ရောင်ခြည်ဦးအလုပ်သမားများ အဖွဲ့ ဦးဆောင်မှုဖြင့်လည်း မြန်မာအလုပ်သမား (၅၀)ဦးတို့ သွေးလှူဒါန်းခဲ့ကြပြီး ဘန်ကောက်မြို့အနီး မြန်မာအလုပ်သမား သိန်းနှင့်ချီရှိသည့် မဟာချိုင်တွင်လည်း မေဒေးနေ့ အထိမ်းအမှတ်ကို ရောင်ခြည်ဦးအလုပ်သမားအဖွဲ့နှင့်အတူ မြန်မာသင်္ဘောသားအသင်းဖြစ်သည့် ပင်လယ်ပျော်များသမဂ္ဂ၊ ထိုင်းအလုပ်သမားအခွင့်အရေးမြှင့်တင်ရေးအဖွဲ့နှင့် ပူးတွဲ၍ ဟောပြောပွဲများ၊ ပျော်ပွဲရွှင်ပွဲများလည်း ကျင်းပခဲ့ကြသည်။ ။

❑ ❑ ❑

**အယ်ဒီတာ့အမြင်**

# နိဂုံးချုပ် သင်ခန်းစာထုတ်ဖို့ လိုပြီ

နိုင်ငံတခုရဲ့အနာဂတ်ဟာ အဲ့ဒီနိုင်ငံမှာရှိတဲ့ လူငယ်တွေရဲ့ တိမ်းညွတ်မှုနဲ့သက်ဆိုင်ပါတယ်။ တိမ်းညွတ်မှုဆိုတာ စိတ်ကူးယဉ်မှုန်ဝါးမှုတွေက လာတာမဟုတ်ပဲ၊ သူတို့လက်တွေ့ ဘဝရင်ဆိုင်ကြုံတွေ့နေရတဲ့ ထိတွေ့ခံစားမှုတွေ၊ တိုက်ပွဲတွေကနေလာတာ ဖြစ်ပါတယ်၊ ၄၈၊ ၆၂၊ ၇၄၊ ၈၈၊ ၂၀၀၇ က သူတို့၊ သူတို့တွေရဲ့ ရင်ထဲကို ဝင်ကြည့်ရင် လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ အမှန်တရား မြတ်နိုးမှု၊ စစ်အာဏာရှင်ကို မုန်းတီးမှု၊ စွန့်လွှတ်စွန့်စားမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေကို ရေဆာသလို ဆာလောင်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဖိနှိပ်တဲ့အစိုးရတွေက ဘယ်လိုပဲ တားဆီးဟန့်တားပေမယ့် ဒီနေ့ကာလမှာ နိုင်ငံတိုင်းဟာ ကမ္ဘာပြစီးပွားရေးစနစ်တွေ၊ သတင်းနည်းပညာကွန်ယက်တွေ၊ ကုန်သွယ်စီးဆင်းမှုတွေ၊ လူမျိုးဘာသာမခြားတဲ့ ကူးလူးဆက်ဆံမှုတွေ၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု စီးကြောင်းကြီးတွေ တိုးတိုက်ပြီး နယ်နမိတ်နဲ့ အခွင့်အာဏာဆိုတဲ့ တံတိုင်းတွေကို ကျော်ဖြတ်ပေါင်းစည်းနေတာဖြစ်ပါတယ်။ ဒီလိုဆိုလို့ အဲဒီ့ တိုင်းပြည်တွင်းမှာရှိတဲ့ ကျေးလက် မြို့ပြ၊ ဆင်းရဲ ချမ်းသာ၊ ပညာတတ် ပညာမဲ့၊ အာဏာရှိ အာဏာမဲ့၊ လက်နက်ရှိ လက်နက်မဲ့၊ ဖိနှိပ်သူ ဖိနှပ်ခံဆိုတဲ့ ကွာဟမှုနဲ့ ပဋိပက္ခတွေ ကျဉ်းမြောင်းသွားတာတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံလို ဖက်ဆစ်စရိုက်သဘာဝရှိတဲ့ စစ်အာဏာရှင် တွေအောက်မှာ လူတန်းစားအလွှာအသီးသီးကြား၊ အစိုးရနဲ့ ပြည်သူတွေကြား၊ လူမျိုးစုတွေကြားမှာ ပဋိပက္ခတွေဟာ ပိုပိုပြီး နက်ရှိုင်းကြီး ထွားနေတာ၊ ရှုပ်ထွေးပြန့်နှံ့နေတာဖြစ်ပါတယ်။ ဒီပြဿနာတွေအားလုံးရဲ့ အဓိကအကြောင်းအရင်းဟာ လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၆၀) ကျော်ကြာမြင့်နေတဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တန်းတူရေးဆိုတဲ့ တိုက်ပွဲ၊ တနည်းအားဖြင့် စစ်အာဏာရှင်တွေနဲ့ လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ တိုက်ပွဲသမိုင်း ကွင်းဆက်ပဲဖြစ်ပါတယ်။

၄၈ နောက်ပိုင်း ဖဆပလစစ်အုပ်စု၊ ၆၂ နောက်ပိုင်း မဆလစစ်အုပ်စု၊ ၈၈ နောက်ပိုင်း နဝတ – နအဖ စစ်အုပ်စုအဆက်ဆက်ဟာ တိုင်းပြည်အာဏာကို အစွမ်းကုန် ရက်စက် ဖောက်ပြန်မှု၊ ဖိနှိပ်မှုမျိုးစုံနဲ့ အာဏာကို ဆက်လက်ချုပ်ကိုင်ပြီး လူမျိုးပေါင်းစုံ ပြည်သူတွေကို ပြည်တွင်းစစ် ဝဲဂယက်ထဲမှာ စစ်ကျွန်ပြုဖို့ ကြိုးစားမြဲ ကြိုးစားနေတာ ယခုထိတိုင်ပါပဲ။ စစ်အုပ်စုအဆက်ဆက်ဟာ ပါလီမန်ဒီမိုကရေစီ၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့နည်း မြန်မာ့ဟန်ဆိုရှယ်လစ်၊ တပါတီအာဏာရှင်၊ ပါတီစုံဒီမိုကရေစီ၊ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီ စသည်ဖြင့် နည်းပရိယာယ်မျိုးစုံ၊ ပုံစံမျိုးစုံ၊ တံဆိပ်မျိုးစုံ ဘယ်လောက်ပြောင်းပြောင်း စစ်အာဏာတည်မြဲရေးဆိုတဲ့ ဦးတည်ချက်ကိုတော့ ဘယ်တော့မှ မပြောင်းပဲ ရှိနေတာတွေ့ရပါတယ်။

နိုင်ငံရေးအင်အားစုအားလုံး၊ တိုင်းရင်းသားအင်အားစုအားလုံးဟာ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရက် ယန္တရားကို ဘုံရန်သူအဖြစ် ဦးတည်ပြီး မဖြိုဖျက်နိုင်သရွေ့ တိုင်းပြည်ဟာ ဘယ်တော့မှ စစ်မှန်တဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးတွေ မရနိုင်ပဲ အမြဲတမ်း ခါးမနောက်ပိတ်ခွေးလို အောက်တန်း နောက်တန်းကျ ဘဝတွေ ရှိနေဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် တော်လှန်ရေးမျိုးဆက်တွေ တဆက်ပြီးတဆက် ဖြတ်သန်းခဲ့တဲ့ နိုင်ငံရေးသမိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ (၄၇၊ ၇၄၊ ၂၀၀၈) အားနည်းချက်တွေ၊ လူထုဆန္ဒအစစ်အမှန်ကို မဖော်ထုတ်နိုင်ခဲ့တဲ့ (ဖဆပလခေတ်၊ မဆလခေတ်၊ နဝတ–နအဖခေတ်) ဆန္ဒခံယူပွဲတွေ၊ ရွေးကောက်ပွဲတွေ၊ နှစ်ပေါင်း (၆၀) ကျော် လူထုလှုပ်ရှားမှုနဲ့ တိုက်ပွဲတွေ၊ သွေးညှီနံ့မပြယ်သေးတဲ့ စစ်မြေပြင်တွေကို တကယ်ရပ်တန့်နိုင်ဖို့ စစ်အာဏာရှင် ဖျက်သိမ်းရေးနဲ့ ဒီမိုကရေစီတော်လှန်ရေးကို နိဂုံးချုပ်ဖို့ သမိုင်းသင်ခန်းစာထုတ်ဖို့ အထူးလိုအပ်နေပါပြီ။ အခုစစ်အုပ်စုက တရားဝင်စစ်ကျွန်ဆက်ပြုဖို့လုပ်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ပွဲဝင်ဖို့ဟာ လက်ရှိနိုင်ငံရေးလိုအပ်ချက်ဖြစ်ပါတယ်။ ။

❑ ❑ ❑

# အင်ဒိုနီးရှားသို့ စည်းရုံးရေးခရီးသွားရောက်

**အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ၊ ၂၄၊ ၂၀၁၀။**



ဂျကာတာမြို့သို့ စည်းရုံးရေးခရီးစဉ်

FDB နိုင်ငံခြားရေးကော်မတီအတွင်းရေးမှူး ဒေါ်ခင်ဉမ္မာသည် တပ်ပေါင်းစု ၁၀ ခု၏ နိုင်ငံခြားရေးရာ ပူးပေါင်းလုပ်ဆောင်မှုအဖွဲ့ (FACT) စည်းရုံးရေးအဖွဲ့နှင့်အတူ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ စည်းရုံးရေး ခရီးစဉ် သွားရောက်ခဲ့သည်။

မေလ ၂၄ ရက်နေ့တွင် သွားရောက်ခဲ့ခြင်းဖြစ်ကာ မေလ ၂၅ ရက်နေ့မနက်တွင် အင်ဒိုနီးရှားပါလီမန်တွင် သွားရောက်၍ ၂၀၀၈ အခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲတို့ကြောင့် ဖြစ်လာမည့် နောက်ဆက်တွဲ စီးပွားရေး၊ လူမှုရေးပြဿနာများ၊ ပြည်တွင်းမှ ပြည်သူလူထု၏ လှုပ်ရှားမှုများ၊ တိုင်းရင်းသားတို့၏ အကြပ်အတည်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ပါလီမန်မှ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မရှင်ဉက္ကဋ္ဌကိုယ်တိုင် တက်ရောက်နားထောင်ခဲ့သည်။ ထိုပါလီမန် ကြားနာပွဲကို အာဆီယံအမတ်များအဖွဲ့ (AIPMC) မှ ကမကထ ပြုလုပ်ကျင်းပပေးခဲ့သည်။ တပ်ပေါင်းစုဆယ်ခု၏ ကိုယ်စား အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) မှ ခွန်ဉက္ကာလည်း ပါဝင်ခဲ့ပါသည်။

ဆက်လက်၍ AIPMC နှင့် တပ်ပေါင်းစုဆယ်ခု ကိုယ်စား သတင်းစာရှင်းလင်းပွဲတခုကို ပါလီမန်တွင် ပြုလုပ်ခဲ့သည်။ ထို့နောက် ဒေါ်ခင်ဉမ္မာနှင့် ခွန်ဉက္ကာတို့သည် မေလ ၂၆ နှင့် ၂၇ တို့တွင် ဂျကာတာရှိ သတင်းစာ၊ ရေဒီယို၊ တယ်လီဗီးရှင်း၊ အင်ဒိုနီးရှားစာနယ်ဇင်းသမားများ၊ မီဒီယာသတင်းဌာနများနှင့် ဆွေးနွေးမေးမြန်းတွေ့ဆုံမှုများ ပြုလုပ်၍ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်သည့် အတိုက်အခံလှုပ်ရှား၏ သဘောထားနှင့် စစ်အုပ်စု၏ ထိုရွေးကောက်ပွဲအကြောင်းတို့ကို ရှင်းပြပေးခဲ့ကာ အင်ဒိုနီးရှား ပါလီမန်မှ ထိုရွေးကောက်ပွဲကို သပိတ်မှောက်ရန် တိုက်တွန်းခဲ့ပါသည်။

အင်ဒိုနီးရှားပါလီမန်အပါအဝင် အာဆီယံတခုလုံးမှ ဉရောပပါလီမန်တွင် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များကဲ့သို့ နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲအား ရှုတ်ချရန်နှင့် ၎င်းရလဒ်အား အသိအမှတ်မပြုရန်၊ ကိစ္စများကို လုပ်ဆောင်နိုင်ရန် တိုက်တွန်းနိုင်ခဲ့သည်။ ဉရောပပါလီမန် ဆုံးဖြတ်ချက်တွင်ပါဝင်သော စစ်အုပ်စုမှ ကျူးလွန်ထားသော လူသားဆန်မှုကို ပျက်ယွင်းစေသော ပြစ်မှုများကိုလည်း စုံစမ်းဖော်ထုတ်နိုင်ရန် စုံစမ်းရေးကော်မရှင်တခုကို ကုလသမဂ္ဂမှ ဖွဲ့စည်းပေးရန်ကိုလည်း တောင်းဆိုပေးရန် တိုက်တွန်းခဲ့ပါသည်။

မေလ ၂၆ ရက်နေ့တွင် SEACA (South East Asia Committee for Advocacy) မှကြီးမှူးကျင်းပသော အင်ဒိုနီးရှားလူထုအဖွဲ့များနှင့် ဂျကာတာအခြေစိုက် သံရုံးများမှ တာဝန်ရှိသူများ တွေ့ဆုံပွဲတွင် ဒေါ်ခင်ဉမ္မာမှ TFAB (Task Force for ASEAN in Burma) အာဆီယံတွင်း မြန်မာ့အရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကိုယ်စားပြုကာ သွားရောက်စကားပြောကြားပေးခဲ့သည်။ ၎င်းက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲ နောက်ဆက်တွဲ ပေါ်ပေါက်လာနိုင်မည့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်မည့်ပြဿနာများ၊ ဒေသတွင်း မတည်ငြိမ်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မေလ ၂၇ ရက်နေ့တွင် SIB (Solidarity Indonesia for Burma) မြန်မာ့အရေးလှုပ်ရှားသော အင်ဒိုနီးရှား သွေးစည်းညီညွတ်သူများအဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့၏ အစိတ်အပိုင်းတခုအဖြစ် လူထုဟောပြောပွဲတရပ်ကို ကမကထပြုလုပ်ကာ ကျင်းပပေးခဲ့သည်။ ထိုပွဲတွင် FDB မှ ဒေါ်ခင်ဉမ္မာ၊ ပအို့အမျိုးသမီးအဖွဲ့မှ နန်းစံမြတ်၊ အင်ဒိုနီးရှား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မစ္စတာ အိုင်အာဒါတိုစ်ဆိုမာဝန်တို့နှင့်အတူ AIPMC မှ အမတ်များပါဝင် ပြောကြားခဲ့ကြသည်။ ॥

❑ ❑ ❑

# ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့နှင့် ၁၉၉၀ ရွေးကောက်ပွဲ အနှစ် (၂၀) ပြည့် အခမ်းအနားကျင်းပ

**မဲဆောက်မြို့၊ ၂၇၊ ၂၀၁၀။**



**ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့ အခမ်းအနားကျင်းပနေကြစဉ်**

စစ်အုပ်စုမှပြုလုပ်သည့် ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု၏ လုပ်ငန်းစဉ်တခုဖြစ်သော "ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့" လုပ်ငန်းစဉ် စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒဖော်ထုတ်ပွဲနှင့် ၁၉၉၀ ရွေးကောက်ပွဲ အနှစ် ၂၀ ပြည့်အခမ်းအနားကို မေလ ၂၇ ရက်နေ့၌ မဲဆောက်မြို့တွင် ပြုလုပ်ခဲ့ပါသည်။

ထိုအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ ဒုဥက္ကဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း၊ ကယန်းဒီမိုကရေစီပါတီ ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားရ်ကိုဘန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ ဥက္ကဌဦးဗိုလ်သောင်း၊ မြန်မာနိုင်ငံရွှေ့နေများကောင်စီ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးမြင့်သိန်း၊ မြန်မာအလုပ်သမားများကိုယ်စား မြန်မာပြည်သားများအရေးပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA) မှ ဦးမိုးကြိုးတို့က အမှာစကားများ အသီးသီး ပြောကြားပေးကြပါသည်။

အမှာစကားပြောကြားပေးသူများမှ ၁၉၉၀ ရွေးကောက်ပွဲ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသွားကြကာ ၁၉၉၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပြည်သူများ၏ အသဲကြားမှမဲတပြားနှင့် အပ်နှင်းလိုက်သော ပြည်သူများအတွက် ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ပေးရေး၊ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ပြည်ထောင်စုစစ်စစ် တည်ထောင်ရေး တာဝန်များကို ဆက်လက်ထမ်းဆောင်ရမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား မည်သည့်အမိန့်အာဏာနှင့်မျှ မဖျက်ပစ်နိုင်သလို လွှတ်တော်ကိုယ်စားလှယ်များမှလည်း မဆုတ်မနစ်သော လုံ့လနှင့် ဆက်လက်ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသွားကြသည်။

မြန်မာနိုင်ငံရွှေ့နေများကောင်စီ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးမြင့်သိန်းမှလည်း နအဖစစ်အုပ်စု၏ ၁၉၉၀ ရလဒ်ကို တဘက်သတ်ဖျက်သိမ်းခြင်း၊ ဒီမိုကရေစီနည်းလမ်းမကျသည့် စစ်အာဏာရှင်စနစ်သက်တမ်းရှည်ရေး အဓိကထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတင်းအကျပ်အတည်ပြုခဲ့ခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲအား တဘက်သတ်ကျင်းပရန် ကြံစည်ပြုလုပ်နေခြင်းတို့သည် တိုင်းရင်းသားပြည်သူတရပ်လုံး၏ ဆန္ဒကို ဆန့်ကျင်ကာ ကျူးလွန်နေသည့် စစ်အုပ်စု၏ နိုင်ငံရေးပြစ်မှုများပင်ဖြစ်သည်ဟု စွပ်စွဲပြောဆိုသွားသည်။

ထို့နောက် သီးလေးသီးအဖွဲ့မှ ပညာပေးဖျော်ဖြေမှု ပြုလုပ်ပေးကာ တက်ရောက်လာကြသူများမှ စစ်အာဏာရှင်တို့၏ ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒဖော်ထုတ်မှုကို ဆက်လက်လုပ်ဆောင်ကြသည်။ ထိုသို့ဆန္ဒထုတ်ဖော်နိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်ပုံနှင့် ဗိုလ်သန်းရွှေပုံနှစ်ခု ယှဉ်တွဲဖော်ပြထားသည့် မဲပြားများကို အသုံးပြုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ပုံဘေးတွင် စစ်မှန်သော ရွေးကောက်ပွဲဟု ရေးထားကာ ပြည်သူလူထုလိုလားသော အချက်များကို ဖော်ပြထား၍ ဗိုလ်သန်းရွှေပုံဘေးတွင် စစ်တပ်၏ ရွေးချယ်ပွဲဟု ရေးထားကာ ၂၀၁၀ ရွေးကောက်ပွဲကြောင့်ဖြစ်လာမည့် ဆိုးကျိုးများနှင့် စစ်တပ်၏ ထိုရွေးကောက်ပွဲကို အသုံးချ၍ ပြည်သူအား ဆက်လက်ဆင်းရဲတွင်းနက်စေမည့်အချက်များကို ဖော်ပြထားသည်။ တက်ရောက်လာသူများမှ ထိုရွေးကောက်ပွဲနှစ်မျိုးမှ မိမိတို့အမှန်တကယ်လိုလားသော ရွေးကောက်ပွဲကို ရွေးချယ်ခဲ့ကြသည်။

ထိုသို့ရွေးချယ်ထားသော မဲပြားများကောက်ယူခြင်းကို ကမ္ဘာ့အနှံ့အပြားရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံတို့တွင် ယနေ့မှ စတင်ပြုလုပ်ကြမည်ဖြစ်ကာ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ဖြစ်သည့် ဇွန်လ ၁၉ ရက်နေ့အထိ လုပ်ဆောင်သွားမည်ဖြစ်သည်။ ကောက်ယူရရှိသော မဲပြားများကို သက်ဆိုင်ရာနိုင်ငံအစိုးရများကို ပေးမည်ဖြစ်ကာ ယခုပွဲမှ ကောက်ယူရရှိသော မဲပြားများအပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများမှ ကောက်ယူရရှိသော မဲများကို အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်းပစ်ဆူဝမ်ကို ပေးအပ်သွားမည်ဖြစ်သည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ အစိုးရများမှ စစ်အုပ်စု၏ ရွေးကောက်ပွဲအား လက်မခံသည့်သဘောထားများကို ရှင်းလင်းစွာသိမြင်လာကာ စစ်အုပ်စုအား ပြည်သူတို့လိုလားသည်များကို ဖော်ဆောင်ပေးနိုင်ရန်၊ ဖိအားပေးလာစေရန် ဖြစ်သည်။ ပြည်သူတို့လိုလားသည့် အချက်များကို မပြုလုပ်ပေးပဲ၊ စစ်အုပ်စုမှ ၂၀၁၀ ရွေးကောက်ပွဲကို တဘက်သတ် ပြုလုပ်သွားမည်ဆိုပါကလည်း ထိုရွေးကောက်အား ရှုံ့ချကာ ရလဒ်အားလည်း အသိအမှတ်မပြုပါရန် နိုင်ငံတကာအစိုးရများအား တိုက်တွန်းတောင်းဆိုထားကြကြောင်း သိရှိရသည်။

ထိုအခမ်းအနားကို မဲဆောက်ရှိမြန်မာနိုင်ငံသား လူထုလူတန်းစား အလွှာအသီးသီးမှသူများနှင့်အတူ မြန်မာ့အရေးစိတ်ဝင်စားသော နိုင်ငံခြားသားများအပါအဝင် လူပေါင်း ၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြပါသည်။ ။

❑ ❑ ❑

# မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့က ၂၀၀၈ ခုနှစ် စစ်ဖွဲ့စည်းပုံကို အသက်သွင်းမည့် မတရားသည့် ရွေးကောက်ပွဲအား ပြတ်ပြတ်သားသား ဆန့်ကျင်သပိတ်မှောက်ကြရန် မေလ (၂၅) ရက်တွင် ကြေညာချက်ထုတ်ပြန်

၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် လူထုကိုယ်စားလှယ်များဘက်မှ အနိုင်ရခဲ့သည်မှာ လာမည့် ၂၀၁၀ မေ (၂၇) ရက်တွင် အနှစ် (၂၀) ပြည့်တော့မည်ဖြစ်ပြီး စစ်အစိုးရက အနိုင်ရပါတီကို ယနေ့တိုင် အာဏာလွှဲမပေးဘဲ၊ (၉၀) ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် မဖော်သည့်အပြင် ၂၀၁၀ ရွေးကောက်ပွဲကို မကြာမီ ပြုလုပ်တော့မည် ဖြစ်သည့်အတွက် မတရားသည့် ရွေးကောက်ပွဲကို တိုင်းရင်းသားပြည်သူ တရပ်လုံးက ဆန့်ကျင်ကြရန် အထက်ပါအဖွဲ့ (၃) ဖွဲ့က တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ တာဝန်ခံ ကိုထွန်းမြင့်အောင်က ၎င်းတို့ ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူများအနေဖြင့် ရွေးကောက်ပွဲကို ဆန့်ကျင်ရေး တိုက်တွန်းရန် တာဝန်ရှိသည်ဟု ဆိုသည်။

၎င်းက **"ဒီလိုဆန့်ကျင်ရာမှာ ပြတ်ပြတ်သားသား သပိတ်မှောက်တဲ့နည်းနဲ့ ဆန့်ကျင်ဖို့ကို တိုက်တွန်းချင်တာပါ။ ဒါဟာ ပြည်သူလူထုက ကိုယ့်ရဲ့မဲဆန္ဒကို ငြိမ်းချမ်းစွာဖြင့် အသုံးချပြီး မဲသွားမပေးခြင်းဖြင့် ဒီရွေးကောက်ပွဲဟာ တရားမျှတမှု မရှိဘူးဆိုတာကို၊ ဒီမိုကရေစီကို ဖော်ဆောင်နိုင်မှာ မဟုတ်ဘူးဆိုတာကို ပြည်သူလူထုက မဲဆန္ဒသွားမပေးဘဲနဲ့ ကိုယ့်မဲဆန္ဒကို ထိန်းသိမ်းထားခြင်းဖြင့် ပြဖို့ပါ။ တနည်းအားဖြင့် ဒီမိုကရေစီတန်ဖိုးကို ကာကွယ်တာပါပဲ"** ဟု ပြောသည်။

ရွေးကောက်ပွဲကို ဆန့်ကျင်ရသည့်အကြောင်းမှာ နအဖ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းခြင်းဖြစ်ပြီး အဆိုပါဖွဲ့စည်းပုံမှာ လူထုကို ကိုယ်စားမပြုသည့်အပြင် လူထုအကျိုးစီးပွားအတွက်လည်း မည်သည့်အာမခံချက်မှ မပေးနိုင်သည့် ထာဝရစစ်အုပ်ချုပ်ရေး တည်မြဲရန်အတွက်ကြောင့်ဖြစ်ကြောင်း ကိုထွန်းမြင့်အောင်က ပြောသည်။

**"ထာဝရ စစ်အုပ်ချုပ်ရေးကို သက်ဆိုးရှည်စေမယ့် ဖွဲ့စည်းပုံကို အသက်သွင်းမှာ ဖြစ်တာကြောင့် ဒီလိုပွဲမျိုးကို ကျနော်တို့ ပြည်သူက ပါဝင်ပတ်သက်ခြင်းမရှိဘဲနဲ့ သပိတ်မှောက်ဆန့်ကျင်တဲ့နည်းဟာ အမျိုးသားရေးတာဝန်တရပ်ဖြစ်ပါတယ်"** ဟု ၎င်းက ပြောသည်။

လူထုကို ဖိနှိပ်မည့်ဖွဲ့စည်းပုံအား လူထုကို ဖိနှိပ်သည့်အစိုးရမှ ကမကထပြုကာ ကျင်းပမည့်ပွဲတွင် လူထုက အဖြည့်ခံအနေဖြင့် သမိုင်းတာဝန်ခံအနေနှင့် ပါဝင်မပတ်သက်ရန် လူထုကို အသိပေးခြင်းဖြစ်သည်ဟုလည်း ၎င်းက ပြောသည်။

**"ဒါကြောင့် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း လူထုကို အသိပေးပြီးတော့ လူထုနဲ့အတူ ကျနော်တို့ရပ်တည်ပြီးတော့ သပိတ်မှောက်ခြင်းလုပ်ငန်းကို ပြည်သူကို တိုက်တွန်းနှိုးဆော်ရတာပါ"** ဟု ကိုထွန်းမြင့်အောင်က ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ ပြောခွင့်ရသူ ဦးဩဘာသကလည်း ယခု စစ်အစိုးရပြုလုပ်မည့် ရွေးကောက်ပွဲမှာ မကြေညာသေးသော်လည်း ဆက်လက်လုပ်ဆောင်တော့မည်မှာ သေချာသည့်အတွက် ကြိုတင်သပိတ်မှောက်ကြရန် နှိုးဆော်ခြင်းဖြစ်သည်ဟု မိန့်ဆိုသည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ပြန်ကြားရေးတာဝန်ခံ မကြည်သာတင့်ကလည်း **"ကျမတို့ တိုင်းပြည်မှာ အမျိုးဘာသာသာသနာကို စော်ကားတဲ့ စစ်အုပ်ချုပ်ရေးစနစ် တရားဝင်ရပ်တည်လို့မရအောင် ကျမတို့ တိုင်းရင်းသားပြည်သူ တရပ်လုံးက အမျိုးသားရေးတာဝန်တရပ်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ဆန္ဒပြဖို့အတွက် တောင်းဆိုတာဖြစ်ပါတယ်"** ဟု ကြေညာချက်ထုတ်ပြန်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ။

*မေ (၂၅) ခေတ်ပြိုင်သတင်းဌာနမှ ကူးယူဖော်ပြသည်။*

# မြန်မာနိုင်ငံတွင် ဖြစ်ရပ်များက အာဆီယံတွင် သက်ရောက်မှုရှိ

မြန်မာနိုင်ငံတွင် လွန်ခဲ့သော အနှစ်နှစ်ဆယ် ယခုလိုနေ့မျိုးတွင် ရွေးကောက်ပွဲ၌ ပြည်သူလူထုသည် ဒီမိုကရေစီပြောင်းလဲရေးအတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အား တခဲနက် မဲပေးခဲ့ကြသည်။ သို့သော် ပြည်သူလူထု၏ ဆန္ဒမှာ အသိအမှတ်ပြုခြင်းမခံခဲ့ရပေ။

ထိုစဉ်ကတည်းက ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီး ကတည်းက NLD ကို ရက်ရက်စက်စက် နှိပ်စက်ကာ ဘေးသို့ဖယ်ထားခဲ့သည်။

အဆိုပါကိစ္စအတွက် မကြာသေးမီက ပြုလုပ်ခဲ့သော အထောက်အထားတခုမှာ ကန့်သတ်ချက်အလွန်များပြားသော ရွေးကောက်ပွဲ ဥပဒေများပင် ဖြစ်သည်။ အဆိုပါဥပဒေများတွင် ပါတီများတွင် ထောင်ထဲရှိ နိုင်ငံရေးအကျဉ်းသားများအား ပါဝင်ခွင့်မရအောင် ပြုလုပ်ထားခြင်း ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲ ဥပဒေများသည် ကျွန်ုပ်တို့ NLD အတွက် လုပ်သာကိုင်သာမှုမရှိခြင်း၊ လက်တွေ့ကျသောလမ်းကြောင်းများ မရှိခြင်းတို့ကြောင့် ရွေးကောက်ပွဲတွင် ပါဝင်ရန် ငြင်းဆိုခဲ့သည်။ ၁၉၉၀ တွင် အနိုင်ရခဲ့ကြသော အခြားတိုင်းရင်းသား နိုင်ငံရေးပါတီများကလည်း ထိုသို့ ဆုံးဖြတ်ခဲ့ကြသည်။

> NLD သည်
> အခြေခံဥပဒေသစ်ရေးဆွဲလိုခဲ့ပြီး၊
> ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှု
> တည်ဆောက်ခြင်းမှတဆင့်
> ပြည်သူများ၏ ရပိုင်ခွင့်များကို
> လေးစားသော မြန်မာနိုင်ငံသစ်ကို
> ဖန်တီးလိုခဲ့သည်။
> အစိုးရက
> ကျွန်ုပ်တို့အား
> ငြင်းပယ်ခဲ့ပြီးနောက်
> ကျွန်ုပ်တို့သည်
> အဆိုပါရည်မှန်းချက်များအတွက်
> ဆက်လက်အလုပ်လုပ်ခဲ့ရာ
> ယနေ့အစိုးရက
> တရားဝင်ရပ်တည်ခွင့်မပေးတော့သည့်တိုင်
> ဆက်လက်လုပ်ကိုင်နေဦးမည်သာ ဖြစ်ပေသည်။

အကယ်၍ စစ်တပ်သည် အဓိက ပါတီများ ပါဝင်ခြင်းမရှိဘဲ ရွေးကောက်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက လည်း လက်ခံခဲ့မည်ဆိုလျှင် စစ်တပ်အုပ်ချုပ်မှုမှာ ပိုမိုအမြစ်တွယ် လာလိမ့်မည်သာ ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲ ကျင်းပစဉ်က NLD စည်းရုံးရေး ဆင်းခဲ့ရာ၊ ကျွန်ုပ်တို့၏ အဖွဲ့ဝင်များသည် တိုင်းပြည်တခုလုံး၌ နေရာတကာတွင် ပြည်သူလူထုသည် ကိုယ်ရောစိတ်ပါ မကျေနပ်မှုများ အကြီးအကျယ် ခံစားနေသည်ကို တွေ့ခဲ့ရသည်။ ပြည်သူများသည် စစ်အာဏာရှင် လက်အောက်တွင် နှစ်ပေါင်းများစွာ နေလာရရာ လွတ်လပ်မှုနှင့် ဒီမိုကရေစီ ပြောင်းလဲမှုကို ဆာလောင်လာပြီ ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် ပါလီမန်၏ ၈၂ % အနိုင် ရရှိခဲ့ရာ ပြည်သူလူထုက တိုင်းပြည်တွင် အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုများ ပြုလုပ်ပေးရန် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အပေါ် ပြင်းထန်စွာ ယုံကြည်ကြောင်း ပြသလိုက်သည့် လက္ခဏာ ဖြစ်သည်။

NLD သည် အခြေခံဥပဒေသစ် ရေးဆွဲလိုခဲ့ပြီး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်းမှတဆင့် ပြည်သူများ၏ ရပိုင်ခွင့်များကို လေးစားသော မြန်မာနိုင်ငံသစ်ကို ဖန်တီးလိုခဲ့သည်။ အစိုးရက ကျွန်ုပ်တို့အား ငြင်းပယ်ခဲ့ပြီးနောက် ကျွန်ုပ်တို့သည် အဆိုပါ ရည်မှန်းချက်များအတွက် ဆက်လက်အလုပ်လုပ်ခဲ့ရာ ယနေ့အစိုးရက တရားဝင်ရပ်တည်ခွင့်မပေးတော့သည့်တိုင် ဆက်လက်လုပ်ကိုင်နေဦးမည်သာ ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် အမျိုးသားပြန်လည် ပေါင်းစည်းရေးအတွက် အားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် စစ်အစိုးရအား အကြိမ်ကြိမ် လက်ကမ်းခဲ့သော်လည်း၊ ပယ်ချခြင်းသာ ခံခဲ့ရသည်။ ကျွန်ုပ်တို့ကို ၂၀၀၈ အခြေခံဥပဒေ ရေးဆွဲမှုအပါအဝင် လှည့်ဖျားထားသော ဒီမိုကရေစီလမ်းညွှန်မြေပုံတွင် မပါဝင်နိုင်အောင် တားဆီးခဲ့သည်။

အစိုးရသည် ရွေးကောက်ပွဲ ဥပဒေအသစ်ကို ကြေညာခြင်းနှင့် အတူ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုပါ ပယ်ဖျက်ခဲ့သည်။ သို့သော် အခြေခံဥပဒေကိုယ်၌က ပြည်သူလူထု၏ ဖြစ်လိုသော ဆန္ဒများနှင့်လည်းကောင်း နိုင်ငံတကာ စံများနှင့်လည်းကောင်း ထပ်တူကျမှု မရှိခဲ့ပေ။ နာဂစ်မုန်တိုင်း ကာလအတွင်း အဓမ္မ အတည်ပြုခဲ့သော အခြေခံဥပဒေတွင် စစ်တပ်၏ ထိန်းချုပ်မှု၊ တိုင်းရင်းသားများအား ဖိနှိပ်မှုနှင့် နိုင်ငံရေး လွတ်လပ်ခွင့်များကို ကန့်သတ်ခြင်းများ အတွက် ဆက်လက် အာမခံပေးခဲ့သည်။

NLD ၏ ရွေးကောက်ပွဲတွင် ပါဝင်ခြင်း မပြုရန် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သဘောမတူမှုများလည်း ရှိခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းရှိ အချို့လူများက ယခုရွေးကောက်ပွဲကို ရှေ့ဆက်ရန် မျှော်လင့်ချက်အဖြစ် ရှုမြင်နေကြသည်။ သို့သော် ယခုရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ ဘဝကို တိုးတက်လာစေလိမ့်မည် မဟုတ်သည်မှာ ထင်ရှားလှသည်။ ဒီမိုကရေစီစည်းမျဉ်းများ၊ တရားဥပဒေများ၊ လူ့အခွင့်အရေးများနှင့် ဆန့်ကျင်နေသော ယခုရွေးကောက်ပွဲတွင် ကျွန်ုပ်တို့ ပါဝင်ခြင်း မပြုနိုင်ပေ။ အဆိုပါ ပိုင်ခွင့်များအတွက် ပြည်သူလူထု၏ အသက်ပေါင်းများစွာ စတေးထားခဲ့ရသည်။

**ကျွန်ုပ်အနေဖြင့်**
**အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား**
**လိုက်လျှက်လဲ့လဲ့ တောင်းဆိုလိုသည်မှာ**
**အားလုံးက**
**စစ်အစိုးရအား**
**အမျိုးသားပြန်လည်စည်းလုံးရေးအတွက်**
**ခြေလှမ်းများ လှမ်းရေးကို**
**တလေသံတည်း ဖိအားပေးရန်ဖြစ်ပြီး၊**
**ထိုသို့ လုပ်ဆောင်ခြင်းမပြုပါက**
**ရွေးကောက်ပွဲရလဒ်အား**
**အသိအမှတ်ပြုလိမ့်မည်မဟုတ်ကြောင်း**
**အသိပေးပြောကြားပေးရန်ဖြစ်သည်။**

ထို့အပြင် ကျွန်ုပ်တို့ ရွေးကောက်ပွဲတွင် ပါဝင်ခြင်းမပြုနိုင်သည့် အခြားလက်တွေ့ကျသော အကြောင်းပြချက်များလည်း ရှိပါသေးသည်။ စစ်အစိုးရသည် တိုင်းပြည် လူဦးရေ၏ ၃၀% ကျော် ရှိသော တိုင်းရင်းသား လူ့အဖွဲ့အစည်းကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ တူညီသော ရပိုင်ခွင့်များပေးရန် ငြင်းဆန်နေဆဲ ဖြစ်ရာ၊ လက်ရှိ လက်နက်ကိုင် ပဋိပက္ခများ၊ ဒုက္ခသည်များ နှင့် မတည်ငြိမ်မှု တိုးပွားလာခြင်းများသည် ရလဒ်များပင် ဖြစ်သည်။

တိုင်းရင်းသား အဖွဲ့များနှင့် လက်နက်ကိုင် အဖွဲ့များသည်သာတို့ တောင်းဆိုသော တိုင်းရင်းသားများ တူညီသော ပိုင်ခွင့်များမရမခြင်း ရွေးကောက်ပွဲအား ဆန့်ကျန်နေမည် ဖြစ်သည်။ ၎င်းတို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သော နိုင်ငံရေးဆွေးနွေးပွဲ အမြန်ဆုံး လိုအပ်ချက်အား ထောက်ခံလျက်ရှိခြင်းကြောင့် ကျွန်ုပ်တို့သည် ၎င်းတို့၏ တောင်းဆိုမှုအား လျစ်လျူရှုကျောခိုင်းမသွားနိုင်ပေ။

ယခုရွေးကောက်ပွဲများသည် ယနေ့မြန်မာနိုင်ငံတွင် ပြည်သူများခံစားနေရသော အလွန်အမင်း ဆင်းရဲမွဲတေနေမှုအား ဖြေလျော့ပေးနိုင်လိမ့်မည် မဟုတ်ပေ။ စီးပွားရေးသည် စစ်အစိုးရနှင့် ၎င်းတို့၏ အခွင့်ထူးခံလူတစု၏ လက်ထဲတွင်သာ ချုပ်ကိုင်ထားပြီး၊ ပြည်သူလူထု၏ လိုအပ်ချက်ထက် ၎င်းတို့တဦးချင်း ချမ်းသာရေးကိုသာ ဦးတည် လုပ်ဆောင်နေကြသည်။ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ကြီးမားသော အမှားများ၊ အားနည်းချက်များ ပါရှိနေသော်လည်း အာဆီယံအဖွဲ့ကြီးက သိသိသာသာ ငြိမ်သက်နေခြင်းပင် ဖြစ်သည်။ အာဆီယံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပျက်သမျှသည် ဒေသကြီးတခုလုံးကို သက်ရောက်သည်ဆိုသည့် အချက်ကို သဘောပေါက်ရမည် ဖြစ်သည်။

အာဆီယံသည် ၂၀၁၅ တွင် ပိုမို စုစည်းညီညွတ်သော အဖွဲ့ကြီး ဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် မြန်မာအစိုးရ၏ ရွေးကောက်ပွဲ အစီအစဉ်ကို လက်ခံခဲ့လျှင်၊ အာဆီယံအဖွဲ့ကြီးသည် မှားယွင်းနေသော ဒီမိုကရေစီနည်းလမ်းများနှင့် ရပ်တည်နေသော မတည်ငြိမ်သည့် နိုင်ငံတခုနှင့် စခန်းသွားရလိမ့်မည်ဖြစ်ပြီး၊ အဖွဲ့ကြီး၏ တိုးတက်မှုကို အကန့်အသတ်များ ပြုလုပ်နေသည့် သဘောဆောင်နေလိမ့်မည်ဖြစ်သည်။

အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ် Surin Pitsuwan က အာဆီယံ၏ မလှုပ်မယှက်နေခြင်းအပေါ် အာဆီယံသည် အရေးကိစ္စတိုင်းအတွက် အံ့သြဖွယ် စွမ်းဆောင်နိုင်သော ဆေးကြိမ်လုံးတလက် မဟုတ်ကြောင်း လျှောက်လဲချက်ပေးခဲ့သည်။

ယင်းဆိုသကဲ့သို့ အာဆီယံသည် ဆေးကြိမ်လုံး ဖြစ်စရာမလိုပါ။ သို့သော် ၎င်း၏ အထိန်းရခက်သော လူဆိုးအဖွဲ့ဝင် တစ်နိုင်ငံ၏ အမူအကျင့်များအပေါ် ပထဝီအနေအထားအရ ဗျူဟာကျသော လွှမ်းမိုးမှုရနိုင်ရန် ပြင်ဆင်သင့်ပေသည်။

အာဆီယံသည် မြန်မာနိုင်ငံအပေါ်တွင် အရေးကြီးသော နိုင်ငံရေးသြဇာရှိသည်ဖြစ်ရာ မြန်မာအစိုးရအား အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် နောက်ဆုံးအနေဖြင့် လိုအပ်သောခြေလှမ်းများ လှမ်းရန် ဖိအားပေးရမည် ဖြစ်သည်။ အမျိုးသားပြန်လည်ပေါင်းစည်းရေး ဆိုရာဝယ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ တိုင်းရင်းသားများအား တိုက်ခိုက်နေမှုများ ရပ်ဆိုင်းရေးနှင့် ဒီမိုကရေစီနှင့် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အားလုံးပါဝင်သော ဆွေးနွေးမှုပြုရေးတို့ ပါဝင်သည်။ အာဆီယံအနေဖြင့် ၎င်းတို့၏ မူဝါဒဖြစ်သော ဝင်ရောက်မစွက်ဖက်ရေးဝါဒကို ဆက်လက်ဆုပ်ကိုင်မထားသင့်တော့ပေ။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများ နောက်ကွယ်၌ မတရားရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်မှုများ ဆက်လက်ခွင့်ပြုနေဦးမည့် သဘောရှိနေပေသည်။

NLD သည် မြန်မာနိုင်ငံအတွက် အဖြေမှန်ရှာဖွေရေးကို ကတိကဝတ်ပြုထားပြီး ဖြစ်သည်။ ကျွန်ုပ်တို့ ရွေးကောက်ပွဲတွင် ပါဝင်ခြင်းမပြုရန် ဆုံးဖြတ်ခြင်းမှာ မှန်ကန်သော၊ လိုအပ်သော ဆုံးဖြတ်ချက်ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအား လှိုက်လှိုက်လှဲလှဲ တောင်းဆိုလိုသည်မှာ အားလုံးက စစ်အစိုးရအား အမျိုးသားပြန်လည်စည်းလုံးရေးအတွက် ခြေလှမ်းများ လှမ်းရေးကို တလေသံတည်း ဖိအားပေးရန်ဖြစ်ပြီး၊ ထိုသို့လုပ်ဆောင်ခြင်း မပြုပါက ရွေးကောက်ပွဲရလဒ်အား အသိအမှတ်ပြုလိမ့်မည်မဟုတ်ကြောင်း အသိပေး ပြောကြားပေးရန်ဖြစ်သည်။ ။

**ဦးဝင်းတင်**

***http:// www.transparencymyanmar2010.blogspot.com မှ ကူးယူဖော်ပြသည်။***

❑ ❑ ❑

## ၂၀၁၀ ရွေးကောက်ပွဲ

# ဘာလဲ ဘယ်လဲ

တရားဝင်စစ်ကျွန်ဖြစ်ရေး/မဖြစ်ရေး တိုက်ပွဲနှစ်ဖြစ်တဲ့ ၂၀၁၀ ခုနှစ်ထဲကို တစတစ ချဉ်းနင်းဝင်လာခဲ့တာ အခုဆိုရင် (၅) လမြောက် မေလကို ကျော်ဖြတ်ခဲ့ပါပြီ။

၂၀၁၀ ခုနှစ်၊ မေလဟာ ၂၀၁၀ ဆိုင်ရာ အရှုပ်အထွေးတွေနှင့် ရှင်းရှင်းလင်းလင်း ဖေါ်ပြချက်တွေ ရောပြွမ်းနေတဲ့လလို့ ပြောရပါလိမ့်မယ်။ **အရှုပ်အရှင်းလ**လို့ပဲ ဆိုကြပါစို့။ ဘာတွေ ရှုပ်ပြီး၊ ဘာတွေ ရှင်းသလဲဆိုတာ မေလအဖြစ်အပျက်များထဲက ထုတ်နုတ်ကြည့်ကြရအောင်ပါ။

၂၀၁၀ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ အရှုပ်အထွေးတွေကို စစ်အုပ်စုကနေပဲ စတင်မြစ်ဖျားခံခဲ့တာတွေ့ရပါတယ်။ စစ်အုပ်စုဟာ သူကိုယ်တိုင် (ပုံ) ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆိုပြီး ထုတ်ပြန်ခဲ့တဲ့ မြန်မာပြည်သူတွေကို တရားဝင်စစ်ကျွန်ပြုရေး ၂၀၁၀ ရွေးကောက်ပွဲနဲ့ ဆိုင်တဲ့ဥပဒေတွေထဲက **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း (၂)၊ အပိုဒ် (၄)မှာ ပါတီထောင်လိုသူများသည် နိုင်ငံ့ဝန်ထမ်းမဖြစ်စေရ** လို့ ပြောင်ဖေါ်ပြထားပါတယ်။ ဒါပေမယ့် အဲဒီဗိုလ်ချုပ်မှူးကြီးသန်းရွှေဆိုသူကိုယ်တိုင် ဦးဆောင်တဲ့ ကြံ့ဖွတ်အသင်းကြီးကပဲ လက်ရှိဝန်ကြီးချုပ်နဲ့ ဝန်ကြီးတာဝန်ယူထားသူတွေနဲ့ နိုင်ငံရေးပါတီအဖြစ် ပြောင်ပဲ မှတ်ပုံတင်လျှောက်ထားလိုက်ပါတယ်။ ဒီကိစ္စအပေါ်မှာ ပါလီမန်တွင်းဝင်ရေး ကြွတက်နေကြသူများဆီကပါ မကျေနပ်တဲ့အသံတွေ ထွက်လာခဲ့ပါတယ်။ ဧပြီလ (၂၇) ရက်နေ့မှာ ကြံ့ဖွတ်က အခုလို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်လျှောက်ထားလိုက်တာနဲ့ပတ်သက်ပြီး ရှေ့မှာ ဖြစ်ပျက်လာမယ့် အနာဂတ်အရေးနဲ့ပတ်သက်လို့ မေလ (၁) ရက်နေ့ ဧရာဝတီအွန်လိုင်းမဂ္ဂဇင်းမှာ အခုလို ပြောထားပါတယ်။

**“ယခုကဲ့သို့ စစ်အစိုးရအဖွဲ့ဝင်များ အရပ်သားအသွင်ပြောင်းကာ ပါတီဖွဲ့လိုက်ခြင်းသည် အနာဂတ်နိုင်ငံရေးဖြစ်စဉ်တွင် အရပ်သားများ၏ အခန်းကဏ္ဍမရှိသလောက်ဖြစ်သွားရန် ပြုလုပ်လိုက်ခြင်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ပြောဆိုသည်။”**

မြန်မာနိုင်ငံရဲ့အနာဂတ်အရေးနဲ့ပတ်သက်ပြီး ကြံ့ဖွတ်လူမိုက်ဂိုဏ်းကြီးဟာ မြန်မာပြည်သူတွေရဲ့ဘဝမှာ ဘယ်လောက်လွှမ်းမိုးချယ်လှယ်တော့မလဲဆိုတာ ရင်လေးစရာ နောက်အကွက်တကွက်ကိုလည်း ရှင်းရှင်းလင်းလင်း တွေ့ရပါသေးတယ်။

မေလဟာ ထူးထူးကဲကဲ ပူတဲ့လဖြစ်သလို၊ စစ်အုပ်စုရဲ့ တာဝန်မဲ့မှုကြောင့် မြန်မာပြည်သူတွေ အများအပြားရေငတ်သေကြတဲ့လလည်း ဖြစ်ပါတယ်။ မြန်မာပြည်သူတွေဟာ ဆင်းရဲဒုက္ခတွေကို ကိုယ့်ပြည်သူချင်း ဝိုင်းဝန်းကူကြရတဲ့အစဉ်အလာအတိုင်း ပြည်သူထဲက အလှူရှင်တွေစုပြီး ရေပြတ်လပ်တဲ့ဒေသတွေကို ရေသွားလှူကြပါတယ်။ ဒါပေမယ့် အခုပါတီထောင်လိုက်တဲ့ ကြံ့ဖွတ်အဖွဲ့ကြီးဟာ ရေလှူတဲ့နေရာတိုင်းမှာ၊ ပြည်သူ့အလှူကို ကြံ့ဖွတ်အလှူဆိုင်းဘုတ်တွေ လိုက်ကပ်ပါတယ်။ အဲဒီအဖြစ်အပျက်ကို ပေါ်လွင်အောင် ဆရာကာတွန်းဟန်လေးက **“အလှူရေနဲ့မျက်နှာလုပ်မယ်”** ဆိုတဲ့ ကာတွန်းကွက်ကို http://www.irrawaddy.org/bur/index.php/cartoon/7-cartoon/3176-2010-05-18-10-18-00 မေလ (၁၈) ရက် ဧရာဝတီအွန်လိုင်းမဂ္ဂဇင်းမှာ ရသပါပါ ဖေါ်ကျူးခဲ့တာ တွေ့ရပါတယ်။

ဒါဟာလည်း ဆရာဦးဝင်းတင်ပြောခဲ့သလို မြန်မာ့အနာဂတ်မှာ နိုင်ငံရေးနယ်ပယ်သာမက မြန်မာပြည်သူတွေရဲ့ ဘဝနယ်ပယ် အသီးသီးမှာ ကြံ့ဖွတ်လူဆိုးဂိုဏ်းကြီးရဲ့ စိုးမိုးချယ်လှယ်တာခံရတော့မယ့် အရိပ်အရောင်တွေ ဖြစ်နေပြီလားဆိုတာ သတိပြုစရာအကွက်တကွက်ပါပဲ။

စစ်အုပ်စုရဲ့ ၂၀၁၀ ရွေးကောက်ပွဲ အရှုပ်အထွေးတွေထဲက အခုကတည်းက အုတ်မြစ်ချထားတဲ့ နောက်အရှုပ်အထွေး တခုကတော့ စစ်အုပ်စုထုတ်ပြန်ခဲ့တဲ့ ရွေးကောက်ပွဲဥပဒေတွေထဲက ပြည်ထောင်စုရွေးကောက်ပွဲဥပဒေ အခန်း (၁၁) ကော်မရှင်၏ လုပ်ပိုင်ခွင့် များအခန်း၊ အပိုဒ် (၅၀)၊ အပိုဒ်ခွဲ (ဂ) မှာ **“မဲစာရင်းအရ မဲဆန္ဒရှင်အားလုံး၏ ၅၁ ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် ထမြောက်သော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်သည်။”** လို့ ဖေါ်ပြထားပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်အားလုံးရဲ့ တဝက်၊ ၅၀ ရာခိုင်နှုန်းကသာ **မဲမပေးဘဲ နေခဲ့ရင်** ရွေးကောက်ပွဲဟာ အထမြောက်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် စစ်အုပ်စုက ဒီအချက်ကို မဲဆန္ဒနယ်တနယ်ချင်းအတွက်သာ ဖေါ်ပြထားပြီး၊ တနိုင်ငံလုံးအတိုင်းအတာနဲ့ ရွေးကောက်ပွဲအထမြောက် မမြောက်ကို ဥပဒေအရ ဘယ်မှာမှ ဖေါ်ပြထားတာကို မတွေ့ရပါဘူး။ အဲသလို ဖေါ်ပြမထားတဲ့အတွက် တနိုင်ငံလုံးအတိုင်းအတာနဲ့ ရွေးကောက်ပွဲအထမြောက် မမြောက်ဆိုတာ မဲဆန္ဒနယ် အရေအတွက်နဲ့ တွက်မလား၊ မဲဆန္ဒရှင်အရေအတွက်နဲ့ တွက်မလားဆိုတာ တမင်ရှုပ်ထွေးအောင် ချန်လှပ်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။

စစ်အုပ်စုဟာ ၂၀၁၀ ရွေးကောက်ပွဲကို ပြည်သူလူထုက မလိုလားကြောင်း သိတဲ့အတွက် ဒီအရှုပ်အထွေးတွေအားလုံးကို ဖန်တီးပြီး ၂၀၁၀ ရွေးကောက်ပွဲကို စစ်အုပ်စုဘက်က တဖက်သတ် အမြဲဖြတ်သန်းဖို့ လုပ်နေတာပါ။ အဲသလို ရှုပ်ရှုပ်ထွေးထွေးနဲ့ အနိုင်ယူဖြတ်သန်းမှာမို့လို့လည်း ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ၂၀၁၀ ရွေးကောက်ပွဲအား လာရောက်လေ့လာရန်မလိုကြောင်း ခပ်ပြတ်ပြတ် ကြေညာထားတာဖြစ်ပါတယ်။ အဲသလို ကြေညာထားတာနဲ့ပတ်သက်ပြီး **“နိုင်ငံတကာလေ့လာရေးအဖွဲ့များကို လုံးဝ ဝင်ခွင့်မပြုခြင်းကြောင့် ရွေးကောက်ပွဲရလဒ်ကို ၎င်းတို့စိတ်ကြိုက်ဖြစ်အောင်လုပ်မည်မှာ သေချာသလောက်ဖြစ်ကြောင်း ပြောသည်။”** လို့ ဝါရင့်နိုင်ငံရေးသမားကြီးတဦးက ပြောကြောင်း မေလ (၁၂) ရက် ခေတ်ပြိုင်အွန်လိုင်းမဂ္ဂဇင်းမှာ ဖေါ်ပြထားပါတယ်။

စစ်အုပ်စုက ဒီလို ရှုပ်ရှုပ်ထွေးထွေး လုပ်နေတဲ့တချိန်တည်းမှာပဲ ၂၀၁၀ ရင်ဆိုင်ရေး မေလခရီးစဉ်မှာ တခြားအရှုပ်အထွေးတွေလည်း ဖြစ်ပေါ်ခဲ့ပါသေးတယ်။

အဲဒါကတော့ စစ်အုပ်စုအလိုတော်ရိလုပ်ချင်နေကြတဲ့ ၈၈ အတု အေးလွင်၊ ရဲထွန်းတို့နိုင်ငံရေးပါတီက သမိုင်းဝင် ကျောင်းသားသမဂ္ဂ ခွပ်ဒေါင်းအလံကို နိုင်ငံရေးပါတီအလံနဲ့ တံဆိပ်အဖြစ် စစ်အုပ်စုအားကိုးနဲ့ သမိုင်းကို ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် စစ်ရွေးကောက်ပွဲကော်မရှင်ကို လျှောက်ထားကြတဲ့ကိစ္စပါ။ ဒါပေမယ့် သမိုင်းတန်ဖိုးသိကြတဲ့ စာပေအနုပညာရှင်တွေအပါအဝင် ကျောင်းသားပြည်သူတွေက တခဲနက် ဝိုင်းဝန်းဆန့်ကျင် ရှင်းထုတ်လိုက်ကြတဲ့အတွက် သမိုင်းဝင်ခွပ်ဒေါင်းအလံဟာ သမိုင်းခါးမြတိုက်လိုသူတွေလက်ထဲ ရောက်မသွားခဲ့ပါဘူး။

မေလထဲမှာ အရေးကြီးတဲ့ တခြားအရှုပ်အထွေး ဖြစ်ရပ် (၃) ခုလည်း ရှိပါသေးတယ်။ အဲဒီ့အရှုပ်အထွေးတွေကတော့ ...

**၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခွဲထွက်များရဲ့ အရှုပ်အထွေး**
**၂) ပါလီမန် မျက်စပစ် တိုင်းရင်းသားအင်အားစုထဲက လူတချို့ရဲ့ အရှုပ်အထွေး**
**၃) ရွေးကောက်ပွဲအပေါ် ဘယ်လိုသဘောထားမလဲဆိုတဲ့ အရှုပ်အထွေး**

## ၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခွဲထွက်များရဲ့ အရှုပ်အထွေး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ပါတီဝင်အများစုရဲ့ ပါတီမှတ်ပုံမတင်ရေးဆုံးဖြတ်ချက်ကို မလိုက်နာနိုင်ဘဲ "အမျိုးသားဒီမိုကရေစီအင်အားစု (NDF)" အဖြစ် ပါတီအသစ်ထောင်သူတွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းများ အမည်ခံပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မပြီးဆုံးသေးတဲ့ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေတာပါလို့ ပြောဆို ဆောင်ရွက်နေကြပါတယ်။

ဒီအရှုပ်အထွေးနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်လိုက်တာကို မေလ (၁၃) ရက်နေ့ အွန်လိုင်း မဇ္ဈိမသတင်းဌာနမှာ အခုလိုတွေ ဖေါ်ပြထားပါတယ်။

**"ပါတီက ရွေးကောက်ပွဲကို မှတ်ပုံမတင်ဘူးလို့ ဆုံးဖြတ်ထားတာကို ပါတီဝင်တိုင်း လိုက်နာဖို့ တာဝန်ရှိပါတယ်။ အဲဒီတာဝန်တွေကို ချိုးဖောက်ပြီးတော့ ပါတီထောင်သွားတဲ့အပေါ်မှာ ဘာမှမပြောလိုပေမယ့် သူတို့ဘာသာ သီးသန့်လုပ်စေချင်တယ်။ NLD ရဲ့ ကိုယ်ပွားပါတီလိုလို ပြောဆိုသုံးနှုန်းနေတာကို လုံးဝ လက်မခံနိုင်ပါဘူး။"**

**"ပါတီမှ ခွဲထွက်သွားသူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်ဟောင်းများအဖြစ် ပြောဆိုသုံးနှုန်းနေခြင်းကြောင့် ပြည်သူများအတွင်း ရှုပ်ထွေးမှုဖြစ်သွားနိုင်ကြောင်း "ဒေါင်းယောင်ဆောင်သော ကျီးများအဖြစ်" NLD ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြစ်တင်ရှုတ်ချလိုက်သည်။"**

**"သူတို့ပြောတဲ့အထဲမှာ NLD ရဲ့ မပြီးဆုံးသေးတဲ့ လုပ်ငန်းတွေ၊ ပြည်သူကို ပေးထားတဲ့ ကတိတွေကို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာမျိုး ပြောနေတယ်။ သူတို့ဟာ ကျနော်တို့ရဲ့ ကိုယ်ပွားပါတီ မဟုတ်ပါဘူး။ အဲဒီတော့ NLD နာမည်ကို သူတို့ ယူသုံးစရာ မလိုပါဘူး" ဟု NLD ဗဟိုအလုပ်အမှုဆောင်ဝင် ဦးဝင်းတင်က မဇ္ဈိမကို ပြောသည်။"**

## ၂) ပါလီမန် မျက်စပစ် တိုင်းရင်းသားအင်အားစုထဲက လူတချို့ရဲ့ အရှုပ်အထွေး

တိုင်းရင်းသားလူမျိုးစုတွေအတွင်း ၂၀၁၀ ရွေးကောက်ပွဲဝင်လိုကြတဲ့ လူတချို့ရှိနေပါတယ်။ ဒီလိုရှိနေတာဟာ အဖွဲ့အစည်းတခုထဲမှာတင် ကိုယ့်အဖွဲ့အစည်းရဲ့အများစုသဘောထားနဲ့ ဆန့်ကျင်ပြီး ရှိနေမယ်ဆိုရင် ပိုပြီး ရှုပ်ရှုပ်ထွေးထွေး ဖြစ်စေပါတယ်။

ဒါကြောင့် တိုင်းရင်းသားအင်အားစုများကြားမှာ ဖြစ်ပေါ်နေတဲ့ အရှုပ်အထွေးတွေနဲ့ပတ်သက်လို့ စစ်ပါလီမန်အတွင်း ဝင်ချင်ကြတဲ့ သူတွေအကြောင်းကို ဖော်ထုတ်ဖွင့်ချထားတဲ့ ကြေညာချက်တစောင်ကို "တိုင်းရင်းသားလူမျိုးနိုင်ငံရေးစောင့်ကြည့်ရေးကွန်ယက် (BEPWN)" က ထုတ်ပြန်လိုက်ပါတယ်။

အဲဒီကြေညာချက်မှာ ရှမ်း၊ ချင်း၊ ရခိုင်၊ ချင်း၊ ကချင်၊ ကရင် နဲ့ ဝ နိုင်ငံရေးအဖွဲ့အစည်းတွေမှာရှိတဲ့ လူတချို့ကို နာမည်တွေတပ်ပြီး သူတို့ရဲ့အကြောင်းတချို့နဲ့ သူတို့ကို ပြင်းပြင်းထန်ထန်ရှုတ်ချပြီး နာမည်ပျက်စာရင်း သွင်းလိုက်ကြောင်း ဖေါ်ပြထားပါတယ်။ အဲဒီကြေညာချက်ကို ပြည်တွင်းရှိ တိုင်းရင်းသားအင်အားစုများက ထုတ်ပြန်ခြင်းဖြစ်ကြောင်း ကြေညာချက်အောက်ဆုံး၊ အဖွဲ့အစည်းအမည်ရဲ့အောက်မှာ ရန်ကုန်မြို့လို့ ဖေါ်ပြထားတာ တွေ့ရပါတယ်။

## ၃) ရွေးကောက်ပွဲအပေါ် ဘယ်လိုသဘောထားမလဲဆိုတဲ့ အရှုပ်အထွေး

တော်လှန်ရေးမှာ အောင်ပွဲနီးလေ အခက်အခဲကြီးလေဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ အခုအခြေအနေကတော့ ၂၀၁၀ ရွေးကောက်ပွဲနီးလေ အရှုပ်အထွေးများလေလို့ ပြောရမယ့်အခြေအနေပါ။ ၂၀၁၀ စစ်ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အဓိကအကျဆုံး အရှုပ်အထွေးကတော့ ၂၀၁၀ ရွေးကောက်ပွဲအပေါ်ဘယ်လိုသဘောထားမလဲဆိုတာပါပဲ။ ဒီအကြောင်းအရာနဲ့ပတ်သက်လို့ သဘောထားတွေ အများအပြားပြောခဲ့ဆိုခဲ့ကြပြီးပါပြီ။ ဒါပေမယ့် အရှုပ်အထွေးက မပြီးနိုင်သေးပါဘူး။

အဲဒီ့အရှုပ်အထွေးနဲ့ပတ်သက်လို့ မေလထဲမှာပဲ ပြည်တွင်း၊ ပြည်ပအင်အားစုများက အခုလို ရှင်းရှင်းလင်းလင်း ဖေါ်ထုတ်လိုက်ကြပါတယ်။

**စာမျက်နှာ (၁၀) သို့ ...**

# ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့ စတင်မည့် အခမ်းအနားကျင်းပရန် ညှိနှိုင်းဆွေးနွေး

၂၄၊ ၂၀၁၀။



ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့အတွက် ညှိနှိုင်းဆွေးနွေးနေကြစဉ်

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရုံးခန်းတွင် မေလ ၂၄ ရက်နေ့၌ ၁၉၉၀ ရွေးကောက်ပွဲနှစ်ပတ်လည်နှင့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု စတင်သည့်အခမ်းအနားကျင်းပရန် မဲဆောက်အခြေပြုနိုင်ငံရေး၊ လူမှုရေး အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ထိုင်း–မြန်မာနယ်စပ်ရှိတပ်ပေါင်းစု (၁၀) ခုမှ စစ်အုပ်စုမှပြုလုပ်သည့် ၂၀၁၀ ရွေးကောက်ပွဲအားဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာလုပ်ရှားမှုကို နယ်စပ်ရှိလူမှုရေး၊ လူ့အခွင့်အရေးအဖွဲ့ပေါင်း ၁၅၀ ကျော်၏ထောက်ခံမှုနှင့် ၂၀၁၀ ခု၊ မတ်လတွင် ဘန်ကောက်မြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ စတင်နိုင်ခဲ့သည်။ ထိုလှုပ်ရှားမှု၏လုပ်ငန်းစဉ်တခုဖြစ်သော ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့ကို ၂၀၁၀ ခု၊ မေလ ၂၇ ရက်နေ့၊ ၁၉၉၀ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့တွင် အခမ်းအနားနှင့် စတင်ပြုလုပ်နိုင်ရန် တိုင်ပင်ညှိနှိုင်းခဲ့ကြခြင်းဖြစ်သည်။

အထက်ပါ "ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့" လုပ်ငန်းစဉ်ကို နိုင်ငံရေးတပ်ပေါင်းစု (၁၀) ခုနှင့် အခြားလူမှုရေး၊ လူ့အခွင့်အရေးအဖွဲ့များတို့မှ မည်သို့ထိရောက်စွာ ဆက်လက်လုပ်ဆောင်သွားမည်ကို ဆွေးနွေးအကြံပေးညှိနှိုင်းကြသည့်ပွဲများအား မေလ ၁၁ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင်လည်း မဲဆောက်မြို့တွင်ပင် အောင်မြင်စွာပြု လုပ်နိုင်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် မေလ ၂၂ ရက်နေ့မှစတင်ကာ မဲဆောက်မြို့ရှိ အလွှာမျိုးစုံတို့တွင် "ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့" လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲများ စတင်လုပ်ခဲ့ကြသည်။

"ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနေ့" လုပ်ငန်းစဉ်မှာ စစ်အုပ်စုမှ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထုအတွက် မည်သည့်ကောင်းကျိုးမျှမရနိုင်ပဲ၊ မြန်မာနိုင်ငံတွင် လက်ရှိပြဿနာများကို လည်းဖြေရှင်းပေးနိုင်မည်ကာ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရန်သာ လုပ်ဆောင်သွားမည့် ရွေးကောက်ပွဲ ဖြစ်သောကြောင့် ထိုရွေးကောက်ပွဲအား ဆန့်ကျင်ကာ တိုင်းရင်းသား ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်သော အချက်များအား ဖြည့်စည်းပေးနိုင်မည့် စစ်မှန်သောရွေးကောက်ပွဲကိုသာ လိုလားကြောင်း ဆန္ဒထုတ်ဖော်ရန်ဖြစ်သည်။

ထိုညှိနှိုင်းဆွေးနွေးပွဲသို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ)၊ ရခိုင်အလုပ်သမားများအဖွဲ့၊ အဝေးရောက်ရောဝတီအလုပ်သမားအဖွဲ့၊ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့၊ ပန်းကံကော်အလုပ်သမားအဖွဲ့၊ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB)၊ မြန်မာအလုပ်သမားများကိုယ်စား မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA) နှင့် မြန်မာအရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) တို့အပါအဝင် နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြကာ မေလ ၂၇ ရက်နေ့ ပြုလုပ်မည့် အခမ်းအနားအတွက် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ ။

... စာမျက်နှာ (၉) အဆက်

### ပြည်ပအင်အားစုများရဲ့ ၂၀၁၀ စစ်ရွေးကောက်ပွဲအပေါ် သဘောထားဖေါ်ထုတ်ပြသမှု

ပြည်ပအင်အားစုတွေက မြန်မာ့ဒီမိုကရေစီရေးအတွက် ၂၀၁၀ စစ်ရွေးကောက်ပွဲဆန့်ကျင်ရေးသပိတ်မှောက်ရေး နိုင်ငံတကာလှုပ်ရှားမှုအဖြစ် မေလ ၂၇ ရက်နေ့မှာ Global Campaign against Burma's 2010 Military Elections ကို ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားခဲ့ကြကြောင်း မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရဲ့ အင်တာနက်စာမျက်နှာ http://www.fdburma.org/eng/?p=1287 မှာ ဖေါ်ပြထားပါတယ်။

### ပြည်တွင်းအင်အားစုများရဲ့ ပြတ်ပြတ်သားသား ကြေညာချက်နဲ့ အင်တာဗျူးများ

ပြည်တွင်းမြေအောက်အဖွဲ့အစည်းများဖြစ်ကြတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက် ကျောင်းသားများနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့ရဲ့ မေလ (၂၅) ရက်နေ့ထုတ် **"၂၀၀၈ စစ်ဖွဲ့စည်းပုံ ကို အသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သပိတ်မှောက်ကြ"** လို့ ခေါင်းစဉ်တပ်ထားတဲ့ ပူးတွဲကြေညာချက် မှာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သို့လော သို့လောတွေနဲ့ ဘာမှ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစရာမလိုအောင်

(၁) မဲရုံများသို့ လုံးဝ မဲသွားမပေးခြင်းဖြင့်လည်းကောင်း

(၂) ကြိုတင်ဆန္ဒမဲဖြင့် လုံးဝ မဲမပေးခြင်းဖြင့်လည်းကောင်း

(၃) အာဏာ၊ ငွေကြေးဖြင့် ခြိမ်းခြောက်မြူဆွယ်မဲပေးခိုင်းပါက ပယ်မဲဖြစ်အောင် ပြုလုပ်ခြင်းဖြင့်လည်းကောင်း

၂၀၁၀ ရွေးကောက်ပွဲအား ပြတ်ပြတ်သားသား သပိတ်မှောက်ဆန္ဒပြကြပါရန် လို့ ဖေါ်ပြထားပါတယ်။

ဒါ့အပြင် မေလ (၄) ရက်နေ့ကတည်းက **"၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ရန် စီအာရ်ပီပီက ပြည်သူလူထုကို တိုက်တွန်း"** ဆိုတဲ့ခေါင်းစဉ်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ပြည်သူလူထုကို တိုက်တွန်းကြောင်း ဦးအေးသာအောင်နဲ့အင်တာဗျူးကို ဒီမိုကရက်တစ်မြန်မာ့အသံရဲ့ http://burmese.dvb.no/news.php?id=10749 အင်တာနက်စာမျက်နှာမှာ ဖေါ်ပြထားခဲ့ပြီးဖြစ်ကြောင်းတို့ကို အခု ၂၀၁၀ ခုနှစ်၊ မေလရဲ့ အရှုပ်နဲ့ အရှင်းများအဖြစ် ထုတ်နှုတ်တင်ပြလိုက်ရပါတယ်။ ။

# သူ့မျက်ဝန်းမှာ ရွှန်းလက်မှုတွေ အရောင်ပြယ်လို့

**ငွေမှိုင်း**

**မေ ၁၊ ၂၀၁၀**

(၁)

ဒီနေ့ မေလ (၁) ရက်နေ့။

ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ ရုံးဝန်းထဲမှာ ကျင်းပတဲ့ နှစ် (၁၂၀) ပြည့် မေဒေးနေ့ အခမ်းအနားကို ကျနော်တက်ခွင့်ရတယ်။

မဲဆောက်မြို့တခွင်တပြင် အလုပ်ရုံစက်ရုံတွေမှာ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ၊ ဥယျာဉ်ခြံမြေလုပ်ငန်းတွေမှာ လာရောက်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမား မြန်မာနိုင်ငံသား (၃၀၀) ကျော်လောက် တက်ရောက်လာကြတာ တွေ့ရပါတယ်။ ကျနော် တော်တော်ပဲ ဝမ်းသာအားတက်ဖြစ်မိပါတယ်။

တက်ရောက်လာကြတဲ့ အလုပ်သမားအမျိုးသား အမျိုးသမီးတွေရဲ့ မျက်နှာတွေ၊ မျက်ဝန်းတွေကို ကျနော်လိုက်ဖတ်ကြည့်မိတယ်။

သူတို့မျက်နှာလေးတွေမှာ ......

ပျော်ရွှင်တက်ကြွနေမှုက နည်းနည်း၊ ကိုယ်ရေးမလုံမခြုံမှုတွေကြောင့် စိတ်တထင့်ထင့်ဖြစ်နေရမှုက များများ။

မနက်ဖြန်များအတွက် မျှော်လင့်အားတက်မှုက နည်းနည်း၊ အလုပ်ပြုတ်မှုတွေ၊ စက်ရုံပိတ်မှုတွေကြောင့် မယုံမရဲဖြစ်ရမှုတွေက များများ။ နိုင်းယှဉ်ချက်အရ တစုံတရာမြင့်တဲ့ ဝင်ငွေနှင့်တွေ့လို့ ကျေနပ်ချမ်းမြေ့ဖြစ်ရမှုက နည်းနည်း၊ မှန်းချက်နှင့် နှမ်းထွက်မကိုက်နိုင်တဲ့ မသေချာမရေရာမှုတွေကြောင့် တွေဝေးစိတ်ပျက်ကြရမှုက များများ တွေ့ရပါတယ်။

တကယ်ဆိုရင် ကျနော်က သူတို့ရဲ့မျက်နှာလေးတွေကို၊ တစ်ယောက်စီတစ်ယောက်စီရဲ့ မျက်နှာလေးတွေကို လိုက်ဖတ်ကြည့်ပြီး ကြည်နူးချင်တာ၊ အားတက်ရွှင်လန်းဖြစ်ချင်တာ၊ မေဒေးဝိဉာဉ်ပူးကပ်ကြည့်ချင်တာပါ။ ကျနော် ခံစားချင်တာက အဲဒီလို။

ဒါပေမယ့် ....

သူတို့မျက်နှာလေးတွေ ဖတ်အပြီးမှာတော့ မေဒေးဟာ မေဒေးလို အပြည့်အဝ မလုပနိုင်သေးကြောင်း ကျနော် ပိုပြီး ပီပီပြင်ပြင် ခံစားလိုက်ရပါတယ်။

(၂)

ဒီနေ့ဟာ မေဒေးနေ့လေ။

တိတိကျကျ ထပ်ပြီးပြောရရင် ကမ္ဘာ့အလုပ်သမားထုကြီး အပြတ်အသတ် အောင်ပွဲဆင်ခဲ့တဲ့ နေ့။

အလုပ်သမားတွေကို တစ်နေ့ ၁၂ နာရီ ၁၆ နာရီ ၁၈ နာရီ ကျွဲခိုင်း၊ နွားခိုင်း ခိုင်းချင်တိုင်းခိုင်းနေခဲ့တဲ့ စီးပွားရေးစနစ်ဆိုးရဲ့ ဖိနှိပ်မှုတံပိုးကို တိတိပပ ရိုက်ချိုးဖျက်သိမ်း ပစ်နိုင်ခဲ့တဲ့နေ့။

"၈ နာရီလုပ်၊ ၈ နာရီနား၊ ၈ နာရီပျော်" ဆိုတာကို လွတ်လွတ်လပ်လပ်ကြီး အော်ဟစ်ပြဌာန်းလိုက်နိုင်ခဲ့တဲ့နေ့ ဖြစ်ပါတယ်။

ဒီအောင်ပွဲကို ကမ္ဘာ့အလုပ်သမားတွေရခဲ့တာ နှစ်ပေါင်း (၁၂၀) ကျော်ခဲ့ပြီပဲ။

သီတင်းတပါတ်ကို (၅) ရက်၊ တစ်ရက်မှာ ၈ နာရီ၊

ဒါကြောင့် သီတင်းတစ်ပါတ်ကို နာရီ ၄၀ လုပ်ရင် ဒီအလုပ်သမားတွေအတွက် လုံလောက်တဲ့ လုပ်ခလစာ ရစေရမယ်ဆိုတဲ့ ကတိကဝတ်တွေ ကမ္ဘာ့အလုပ်သမားတွေ ရယူနိုင်ခဲ့တာကြာခဲ့ပြီပဲ။

ဥရောပက အချို့နိုင်ငံတွေမှာ "နာရီ ၄၀ အစား ၃၅ နာရီပဲလုပ်ပါ" လို့ ပြောင်းလဲပြဌာန်းပေးခဲ့ကြတာတောင် နှစ်တချို့တိုင်ခဲ့ပြီပဲ။

ဒါနှင့်များတောင် ကျနော်တို့ အလုပ်သမားတွေက ဘာကြောင့် အပြည့်အဝ မပျော်ရွှင်နိုင် ဖြစ်နေကြရသေးတာလဲ။

ဘာကြောင့်များ သူတို့မျက်ဝန်းတွေ အပြည့်အဝ အရောင်မလက်နိုင် ဖြစ်နေကြရသေးတာလဲ။

(၃)

"ဒီကားကြီးအသင်းမှာ အဖိုးတုန်းကလည်း ကုန်တင်ကုန်ချလုပ်၊ အဖေ့တုန်းကလည်း ကုန်တင်ကုန်ချလုပ်၊ ကျနော့်လက်ထက်ကျတော့လည်း ကုန်တင်ကုန်ချပဲ ဆက်လုပ်၊ ဘာဆန်းလို့လဲ အစ်ကိုရာ" လို့ ပြောခဲ့တဲ့ မေမြို့က ကုန်တင်ကုန်ချအလုပ်သမားလေး မောင်သန်းစိုးရဲ့စကားက ကျနော့်နားထဲ ရုတ်တရက်ကြီး တိုးဝင်လာတယ်။

သူက ဆက်ပြောတယ်။

"မထူးဆန်းဘူးအစ်ကိုရ

လမ်းထိပ်က ဒေါ်မြ ကြည့်ပါလား။ သူ့အမေ ကြီးကြီးဒေါ်အုန်းမေ လက်ထက်ကတည်းက ပဲပြုပ်တောင်း ခေါင်းရွက်ပြီး တလမ်းဝင်တလမ်း ထွက် လိုက်ရောင်းခဲ့တာတဲ့။ အဖေက ပြောပြဖူးတယ်။

အခု သူလည်း ဒီအတိုင်း ဆက်ရောင်းနေတာပဲ။

အစ်ကိုစောင့်ကြည့်နေ သူ့သမီးလေး မြင့်မြင့်ဌေး၊ ကျနော့်ထက် သုံးလေးနှစ်ငယ်တယ်။

ဒီကောင်မလေး အရွယ်လေးရလာရင် ဒါပဲလုပ်ရမှာပဲလေ။"

မောင်သန်းစိုးရဲ့ ဘဝအမြင်တွေ၊ သူ့ဘဝထဲကလာတဲ့ သူ့လက်တွေ့ထဲကလာတဲ့ တကယ့် ဒဿနတွေပါ။

"မထူးဆန်းဘူး" တဲ့ ။

မျိုးဆက်တွ တဆက်ပြီးတဆက် ဘာမှမတိုးတက်၊ ဘာမှမပြောင်းလဲ၊ ငုတ်တုတ် ကုန်းခံနေကြရတဲ့အဖြစ်က ဘာကြောင့် မထူးဆန်း ရမှာလဲ မောင်သန်းစိုးရယ်။

"အဖိုးက ကူလီ၊ အဖေကျတော့လည်း ကူလီ၊ သားကျတော့လည်း ကူလီပဲဆက်ဖြစ်" လို့ ဘယ်သူက ပြဋ္ဌာန်းနေတာလဲ။

"အဖွားက ခေါင်းရွက်ဗျက်ထိုး၊ အမေကျတော့လည်း ခေါင်းရွက်ဗျက်ထိုး၊ သမီးလေးကြီးလာရင်လည်း ခေါင်းရွက်ဗျက်ထိုးပဲ ဆက်လုပ်" လို့ ဘယ်သူက အမိန့်ပေးနေတာလဲ။

ကျိန်စာသင့်နေတဲ့ဘဝတွေလို ကျနော်တို့ဘဝတွေ ဒီအတိုင်း ထပ်ခါထပ်ခါ မတိုးတက်နိုင်၊ မပြောင်းလဲနိုင် ဖြစ်နေကြရတာ ဘာကြောင့် လဲ။

ထူးဆန်းလိုက်တာ။

"မထူးဆန်းဘူး" ဆိုတဲ့ မင်းရဲ့ကောက်ချက်ကိုက သိပ်ကိုထူးဆန်း နေပါပြီ မောင်သန်းစိုးရယ်။

ဒီကောက်ချက်မျိုး ဆွဲဖြစ်သွားအောင် တို့ဘဝတွေ၊ တို့မျိုးဆက်တွေ၊ တို့စဉ်းစားဆင်ခြင်မှုတွေနှင့် တို့ဦးနှောက်တွေကို သူတို့ နှစ်ပေါင်း များစွာ စနစ်တကျ ဖျက်ဆီးပစ်ခဲ့တာပါ ညီလေးရာ။

တို့မသိလို့ ဖြစ်စေ၊ သိသိချည်းနဲ့ မလွန်ဆန်နိုင်လို့ဖြစ်စေ တို့ ခန္ဓာကိုယ်တွေ၊ တို့အတွေးအခေါ်တွေ၊ တို့ဘဝတွေအားလုံးကို သူတို့ စိတ်ကြိုက် သူတို့ အလိုကျ ပုံအသွင်းခံခဲ့ကြရတာပါ။

ဒီလိုနေရာမျိုးမှာ၊ ဒီလိုအခြေအနေဆိုးတွေရဲ့အောက်မှာ ကျနော် တို့ တခဏလေးတောင် ဆက်ပြီး ငုံ့ခံမနေသင့်ဘူး။

ကျနော်တို့ ရုန်းထွက်ကြရမယ်။ ကိုယ်စီကိုယ်စီလည်း ရုန်းထွက်နိုင် အောင် အပြန်အလှန် ကူညီကြရလိမ့်မယ်။

မောင်သန်းစိုးကို ကျနော်တို့ ဘယ်လိုကူညီကြမလဲ။

မြင့်မြင့်ဌေးကို ကျနော်တို့ ဘယ်လိုကူညီကြမလဲ။

သူတို့ဘဝတွေကို ကျနော်တို့ ဘယ်လို ပြောင်းလဲပေးကြမလဲ။ အဲဒီကြမ္မာဆိုးတွေအောက်ကနေ ကျနော်တို့ သူတို့ကို ဘယ်လိုဆွဲထုတ် ပေးကြမလဲ။

သူတို့ခေါင်းထဲ လွဲမှန်းမသိ လွဲလိုက်လာနေတဲ့ အယူအဆအလွဲကို ကျနော်တို့ ဘယ်လိုကူညီ ဖယ်ရှားပေးကြမလဲ။

## (၄)

ကျနော်တို့ မေဒေးနေ့သမိုင်းကို ပြန်ကြည့်ကြည့်ကြရအောင်။

အဲဒီတုန်းက၊ (၁၈၈၆ ခုနှစ် မေလတုန်းက) အလုပ်သမားတွေ တောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ တောင်းဆိုချက်တွေက ဒီလိုဖြစ်ပါတယ်။

၁။ အလုပ်လုပ်ချိန် လျှော့ပေါ့ရေး

၂။ လုပ်ခ တိုးမြှင့်ပေးရေး

၃။ လုပ်ငန်းခွင် အခြေအနေ တိုးတက်ကောင်းမွန်စေရေး

၄။ လွတ်လပ်သည့် အလုပ်သမားသမဂ္ဂ ထူထောင်ခွင့်ရရှိရေး

အဲဒီတိုက်ပွဲ ကြွေးကြော်သံတွေနှင့် ကမ္ဘာ့နိုင်ငံအသီးသီးက အလုပ်သမားတွေ အကြိမ်ပေါင်းများစွာ တိုက်ပွဲဆင်ခဲ့ကြတယ်။

၁၈၈၁ – ၁၈၈၄ အတွင်း တိုက်ပွဲပေါင်း (၅၀၀) ကို အလုပ်သမား အင်အား ၁ သိန်းခွဲက ဦးဆောင်တိုက်ခဲ့ကြတယ်။

၁၈၈၅ မှာ တိုက်ပွဲပေါင်း (၇၀၀) ကို အလုပ်သမားအင်အား ၂ သိန်းခွဲက ဦးဆောင်တိုက်ခဲ့ကြတယ်။

၁၈၈၆ မှာ တိုက်ပွဲပေါင်း (၁၅၇၂) ပွဲကို အလုပ်သမား အင်အား ၆ သိန်းက ဦးဆောင်တိုက်ခဲ့ကြတယ်။

အဲဒီလို ဆက်တိုက် မနားတမ်း တိုက်ခိုက်တောင်းဆိုခဲ့တဲ့ အတွက်...

အသက်ပေါင်း ဘဝပေါင်းများစွာ ရင်းပြီး တိုက်ခိုက်တောင်းဆိုခဲ့တဲ့ အတွက်...

ဒီတောင်းဆိုချက် (၄) ရပ်ကို အပြည့်အဝ ရရှိခဲ့ကြတာ ဖြစ်ပါ တယ်။

စောစောကပြောတဲ့ "၈ နာရီလုပ်၊ ၈ နာရီနား၊ ၈ နာရီပျော်" ဆိုတာကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ကြတာဖြစ်ပါတယ်။

ဒီတိုက်ပွဲအဆက်ဆက်မှာ အသက်ပေးသွားကြတဲ့ အလုပ်သမား သူရဲကောင်းတို့ရဲ့ စွန့်လွှတ်ပေးဆပ်မှုတွေကို ကျနော်ဦးညွှတ်ပါတယ်။

အံ့ဩဖို့ကောင်းတာက သူတို့ သွေးနဲ့ရင်းပြီးရယူပေးခဲ့ကြတဲ့ အလုပ်သမားသမဂ္ဂ ထူထောင်ခွင့်နှင့် အလုပ်သမားအခွင့်အရေးဆိုတာ တွေကို ကျနော်တို့ ဒီနေ့အထိ လုံးလုံး မရရှိကြသေးဘူး။

နှစ်ပေါင်း ၁၂၀ ကျော်လာတဲ့ ဒီနေ့အထိ ကျနော်တို့ မရရှိနိုင် အောင် ဘယ်သူက တားဆီးပိတ်ပင်ထားတာလဲ။

ဒီတရားခံကိုတော့ ကျနော်တို့ အမြန်ဆုံးဆွဲထုတ်မှ တော်တော့ မယ်။

ဒီအခွင့်အရေးတွေကို အလုပ်သမားထုတရပ်လုံးအတွက် အသက် ပေးပြီး ရယူပေးခဲ့ကြတဲ့ မေဒေးအလုပ်သမားသူရဲကောင်းကြီးတွေ မြန်မာ

နိုင်ငံက ဒီအကြောင်းတွေကိုသာ သိရင် ဘယ်လိုမှ စိတ်ကောင်းနိုင်ကြမယ် မဟုတ်ပေဘူး။

(၅)

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ (၈) ရက်ကနေ မတ်လ (၁၆) ရက်နေ့အထိ (၃၇) ရက်တာအတွင်းမှာ...

ရန်ကုန်စက်မှုဇုံတွေမှာ အလုပ်သမားတွေ ဆန္ဒပြခဲ့ကြတာ ပွဲပေါင်း (၁၂) ခု ရှိခဲ့တယ်။

လှိုင်သာယာ စက်မှုဇုံ (၃) မှာ ရှိတဲ့ မြဖက်ရှင်အထည်ချုပ်စက်ရုံကနေ စလိုက်တာ ရွှေပြည်သာမှာရှိတဲ့ OK ကြာဖံစက်ရုံအထိ

စက်ရုံအလုပ်ရုံပေါင်း (၁၉) ရုံမှာ ဖြစ်ပွားခဲ့ကြတယ်။

အလုပ်သမားပေါင်း (၉၃၂၀) ဦး ပါဝင်ဆန္ဒပြခဲ့တယ်။

တောင်းဆိုချက်တွေက ...

၁။ လုပ်ခ လစာတိုးမြှင့်ပေးရေး

၂။ အလုပ်ချိန် လျှော့ပေါ့ပေးရေး

၃။ အချိန်ပိုကြေး ရရှိရေး

၄။ အများပြည်သူ ရုံးပိတ်ရက်များအတိုင်း ပိတ်ပေးရေး

၅။ အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးရေး

၆။ ရားပါးစရိတ်နှင့် ဆုကြေးငွေများ ဖြတ်တောက်ခြင်း မပြုရေး

၇။ ကျန်းမာရေးမကောင်း၍ အလုပ်မဆင်းနိုင်မှုအပေါ် ဒဏ်ငွေပေးဆောင်နေရခြင်းကို ပယ်ဖျက်ပေးရေး

၈။ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေးရရှိရေး စတဲ့ အချက်တွေဖြစ်ပါတယ်။

အချို့အလုပ်ရုံတွေမှာ တနေ့လုပ်ခ မြန်မာငွေ ကျပ်တစ်ထောင် ရရှိပြီး အချို့အလုပ်ရုံတွေမှာ ကျပ်တစ်ထောင်တောင်ပြည့်အောင် မရကြတာတွေ ရှိပါတယ်။

ဆန်တစ်ပြည် ၈၀၀၊

ကားခ ဘယ်စီးစီး ၂၀၀၊

ကြားကားချိန် ဆိုရင် ၅၀၀ ဖြစ်နေချိန်မှာ တစ်နေ့လုပ်ခ ၁၀၀၀ ဝန်းကျင်နှင့် ဘယ်နည်းဘယ်ပုံ ရပ်တည်ကြမှာလဲ။

ဒီဝင်ငွေနှင့် ဒီအခြေအနေတွေအောက်မှာ မိမိဘဝကို မိမိဘယ်လို ထူထောင်ကြရမှာလဲ။

မိမိရဲ့ သားငယ်သမီးငယ်တွေကို မိမိတို့လို အလုပ်ကြမ်းသမားဘဝနဲ့ အဆုံးမသတ်ရလေအောင် ဘယ်ဝင်ငွေနှင့် ဘယ်လို ပညာသင်ပေးကြရမှာလဲ။

မိမိတို့ရဲ့ အမိအဖတွေ မမာမကျန်းဖြစ်တဲ့အခါ ဘယ်လို သေသေချာချာ ဆေးကုသပေးနိုင်တော့မှာလဲ။

ဒီအကြောင်းတရားတွေကပဲ ဒီတိုက်ပွဲတွေနှင့် ဒီတောင်းဆိုချက်တွေကို ဖြစ်ပွားပေါ်ပေါက်စေခဲ့တာ ဖြစ်ပါတယ်။

(၆)

အဲဒီတိုက်ပွဲတွေကို နအဖ စစ်အုပ်စုက ဘယ်လိုဖြေရှင်းပေးခဲ့ပါသလဲ။

ဖြေရှင်းပေးပုံက ဒီလိုပါ။

လုံထိန်းရဲကား (၃၀) စီး၊ မီးသတ်ကား (၅) စီး၊ အချုပ်ကား (၄) စီး၊

အရာရှိစီး ဒဘယ်လ်ကက် (၇) စီးနှင့် စက်ရုံကိုလာဝိုင်းပြီး ခြိမ်းခြောက်ပြတယ်။

အလုပ်ရှင်နှင့် အလုပ်သမားကြားမှာ ပွဲစားဝင်လုပ်တယ်။

အခွင့်အရေး တစ်ချို့ကို ဈေးဝင်ဆစ်ပြီး အလုပ်သမားတွေကို ချွေးသိပ်တယ်။သင့်ရုံတော်ရုံလိုက်လျောပြီး သပိတ်ကို လှန်စေခဲ့ပါတယ်။

ဆန္ဒပြပွဲတွေ ရပ်သွားစေချင်တာ၊ လောင်နေတဲ့မီးတွေ ငြိမ်းသွားစေချင်တာတွေက အဓိကဖြစ်ပြီး၊

အလုပ်သမားတွေရဲ့ အကြပ်အတည်းတွေကို အမှန်အကန် ပြေလည်သွားစေချင်တဲ့ စေတနာက မပါသလောက် ဖြစ်ခဲ့ကြတာ အလုပ်သမားတိုင်း၊ လူတိုင်း သိသာနိုင်ပါတယ်။

မိတ်ဆွေများခင်ဗျား

လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၂၀) က နိုင်ငံတကာက အလုပ်သမားတွေ ရရှိခဲ့တဲ့ အခွင့်အရေးတွေဟာ ဒီနေ့ထိတောင် ကျနော်တို့ဆီမှာတော့ ဝေးချင်တိုင်း ဝေးနေကြသေးတယ်ဆိုတာကတော့ ဒီနေ့ ကျနော်တို့နိုင်ငံရဲ့ လက်တွေ့ဖြစ်နေပါပြီ။

ဒါကို မှချပဲ ကျနော်တို့ ကျော်ကြရပါလိမ့်မယ်။

ခက်ခဲမယ်ဆိုတာ ကြိုတွက်နိုင်မိကြသည့်တိုင် ကျနော်တို့ ရှောင်လွှဲသွားလို့ မဖြစ်နိုင်ပါဘူး။

ဒါကို မကျော်နိုင်သေးသရွေ့၊

ဒီခလုတ်ကသင်းတွေကို ဖယ်ထုတ်ရှင်းလင်း မပစ်နိုင်သေးသရွေ့၊

ကျနော်တို့ အလုပ်သမားတွေရဲ့မျက်ဝန်းတွေမှာ ရှန်းလက်မှုတွေ အရောင်ပြယ်မြဲ ပြယ်နေဦးတော့မယ်၊ အရောင်ဖျော့မြဲ ဖျော့နေဦးတော့မယ်ဆိုတာကိုတော့ မောင်သန်းစိုးနှင့် မြင့်မြင့်ဌေးတို့ ပိုပြီး လေးနက်တတ်လာအောင် ကျနော် အသေအချာပြောပြပါဦးမယ်။ ။

ငွေနှမြင်း

❑ ❑ ❑

# ငြိမ်းချမ်းရေးဝတ်ရုံပြာ အရောင်လွင့်ပြယ်စပြုနေပြီလော

ရဲဘော်ထွန်းဦး

***၂၈၊ ၅၊ ၁၀***

၂၀၁၀ ဧပြီ ၂၈ ရက်နေ့နောက်ဆုံးထားပြီး (နယ်ခြားစောင့်၊ နယ်မြေစောင့်၊ ပြည်သူ့စစ်) တပ်ဖွဲ့များအသွင် ပြောင်းလဲကြရန် ကျန်ရှိနေသေးသည့် အပစ်ရပ်အဖွဲ့များအား နအဖစစ်အစိုးရက ရာဇသံပေးခဲ့ဘူးသည်။

ထိုရာဇသံအပေးခံရဘူးသည့် အပစ်ရပ်အဖွဲ့အစည်းတိုင်းက နအဖ သတ်မှတ်ပေးရက်မတိုင်မီ မိမိတို့ တဖွဲ့ခြင်းစီ၏ နိုင်ငံရေး ရပ်တည်ချက်ကို ပွင့်လင်းစွာ ဖော်ထုတ်ပြောဆိုခဲ့ကြသည်။ ထိုသို့ထုတ်ဖော်ပြောဆိုခဲ့ခြင်းသည်ပင်လျှင် နအဖအတွက် ဘဝင်မကျစရာဖြစ်နေပါလိမ့်မည်။ နိုင်ငံရေးအရလည်း အရှက်ရစရာတခု ထပ်မံလက်ခံရရှိလိုက်တာမျိုးဖြစ်နိုင်သည်။ အကျိုးဆက်အဖြစ် နအဖသည် ထိုအရှက်ရစရာတွေကို အငုတ်စိတ်ဖြင့် ရန်ညှိုးဖွဲ့၊ ရန်မီးပွားလာစေနိုင်သည်။ ဤအတိုင်းဖြစ်လာခဲ့လျှင် အပစ်ရပ်နိုင်ငံရေး ပြဿနာသည် လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်ရှိုင်းလာစေပါလိမ့်မည်။

ယခုမြင်တွေ့နေရသည်မှာ နအဖနိုင်ငံတော်၏ သဘောထား (နိုင်ငံရေးလိုအပ်ချက်) နှင့် အပစ်ရပ်အဖွဲ့အစည်းများ၏ နိုင်ငံရေးအကျိုးစီးပွား တထပ်တည်းမကျတော့သည့် အချိန်တွင် ထိုကဲ့သို့ တုန့်ပြန်ပြောဆိုချက်များ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ တကယ်ဆိုရလျှင် နအဖနှင့် နိုင်ငံရေးအရ အနှစ် ၂၀ ထိတွေ့ဆက်ဆံခြင်းက အပစ်ရပ်အဖွဲ့များအား ထိုတောင်းဆိုချက်ကို ဖြစ်ပေါ်စေခဲ့သည်။ ထိုအပြင် မူလနိုင်ငံရေးရည်ရွယ်ချက်များကို ပြန်လည်ဖော်ထုတ်ဖို့ လမ်းစဖော်ပေးသလို ဖြစ်လာခဲ့သည်။ အပစ်ရပ်နိုင်ငံရေးသည် တိုင်းပြည်၏ ပင်မနိုင်ငံရေးပြဿနာများနှင့် ပိုမိုနီးကပ်လာသလိုဖြစ်နေသည်။

ဒီရက်ပိုင်းအတွင်း အပစ်ရပ်ဒေသများတွင် ငြိမ်းချမ်းရေးတေးသီသံများ တိုးတိမ်လာသလိုမျိုး ခံစားမိသည်။ အစားထိုး ကြားသိနေရသည့်အသံများမှာ နအဖ စစ်ကားများ၊ စစ်သားများ၏ လှုပ်ရှားသံများက အသံပိုကျယ်လောင်လာသလိုခံစားနေရသည်။ ဘယ်ဒေသမှာ၊ ဘယ်အချိန်မှာ အပစ်ရပ်နိုင်ငံရေးဘဝ ဘယ်လိုပုံသဏ္ဍာန်ဖြင့် ပျက်စီးပျောက်ကွယ်သွားမှာလဲဆိုသည့် စိုးရိမ်စိတ်တွေကလည်း ဒေသခံပြည်သူလူထုများ၏ နေ့စဉ်နေထိုင်မှုဘဝတွေထဲအထိ ခြိမ်းခြောက်လျှက်ရှိသည်။

ဧပြီ ၂၈ နောက်ဆုံးရာဇာသံပေးပြီးနောက် အပစ်ရပ်နိုင်ငံရေးအခြေအနေကို မြင်ကွင်းချဲ့ကြည့်လျှင် နအဖသည် အပစ်ရပ်အဖွဲ့များ၏ တုန့်ပြန်တောင်းဆိုချက်ကို မဆိုင်းမတွပယ်ချခဲ့သည်။ အပစ်ရပ်အဖွဲ့များ အခြေစိုက်ရာဒေသတွင်းသို့ စစ်အင်အားများတိုးဖြည့် နေရာချထားခြင်းများ အဆက်မပြတ်ပြုလုပ်နေသည်။ နိုင်ငံရေးအရ ဖိအားပေးခြင်းကိုလည်း တွဲဖက်ကျင့်သုံးလျက်ရှိသည်။

သက်ဆိုင်သည့် အပစ်ရပ်အဖွဲ့များအနေဖြင့် နအဖ၏ နယ်ခြားစောင့်တပ်ဖွဲ့အသွင်ပြောင်းရေးစီမံချက်ကို ငြင်းဆန်ထားသော်လည်း နအဖသည် ၎င်းစီမံချက်ကို ဆက်လက်အကောင်အထည်ဖော်မြဲဖော်လျက်ရှိသည်။ နောက်ထပ်တကျော့ အကောင်အထည်ဖော်မှုတွင် အင်အားအတော်အတန်ရှိသော အဖွဲ့ကြီးများထံသို့ စာဖြင့် အကြောင်းကြားကာ သဘောထားစမ်းသပ်၊ တီးခေါက်တာလောက်ပဲ လုပ်ပြနေသည်။ သို့သော်လည်း အဖွဲ့အစည်းတွင်း တွယ်ဆက်မှုအားနည်းသည့် အဖွဲ့တဖွဲ့ချင်းစီသို့ ပစ်မှတ်ရှာ အာရုံစိုက်လျှက်ရှိနေတာကိုတော့ တွေ့နေရသည်။

မေလအတွင်း နအဖ အာရုံအစိုက်ဆုံးအဖွဲ့မှာ အတွင်းပိုင်းသဘောကွဲလွဲမှုဖြစ်နေသည့် SSA – N (ရှမ်းပြည်တပ်မတော် မြောက်ပိုင်း) အဖွဲ့ဖြစ်သည်။ SSA – N သည် ဧပြီ ၂၈ နေ့ နောက်ပိုင်း နအဖ၏ အသွင်ကူးပြောင်းရေးစီမံချက်အား လက်ခံမည် သို့မဟုတ် လက်မခံနိုင်ဆိုသည့် သဘောထား ၂ ရပ်သိသာစွာ ကွဲခဲ့သည်။ ထိုအကွဲအပြဲက နအဖ၏ စီမံချက်အတွက် ခြေချစရာဖြစ်လာနေသည်။

ထိုပြဿနာများအား

အခုပဲ ရှင်းရှင်း၊

နောက်မှပဲ ရှင်းရှင်း

ဖြေရှင်းရန် တာဝန်ရှိသူတိုင်းသည်

‘တန်းတူရေး၊

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊

အတူတကွ စည်ပင်ဝပြောရေး’ ဆိုသည့်

အခြေခံမှုကို ဘေးဖယ်ထားမည်။

ပြီးတော့

ယခင်အစိုးရအဆက်ဆက်ကဲသို့

နည်းလမ်းဟောင်းဖြင့် ဖြေရှင်းကြမည်ဟု ဆိုပါက

ဒီတိုင်းပြည်သည်

အပြင်းစားနိုင်ငံရေး ပဋိပက္ခများဖြင့်

ဆက်လက်ပေါက်ကွဲကာ ညံစီနေတော့မည်ဆိုတာ ---

သို့သော် ထူးခြားချက်တခုအဖြစ်တွေ့ရသည်မှာ နအဖ အသွင်ကူးပြောင်းရေးစီမံချက်ကို လက်ခံသည့် အုပ်စုအား ချက်ချင်း ဌာနေပြည်သူ့စစ်အဖြစ် ဖွဲ့စည်းမပေးသေး။ သဘောမတူသည့် အုပ်စုကို စည်းရုံးသိမ်းသွင်းစေသည်။ သဘောထား မတိုက်ဆိုင်သူအချင်းချင်း ပဋိပက္ခဖြစ်စေရန် ရည်ရွယ်တာကလွဲပြီး အခြားမဖြစ်နိုင်။ ကြက်လည်း မသေစေ၊ ယာလည်း ညက်စေဆိုသည့် ပေါ်လစီကို ကျင့်သုံးစေတာဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းသည် ကိုးကန့်ပြဿနာမျိုး နောက်တနေရာမှာ လာရောက်ကျင့်သုံးခြင်းသာဖြစ်သည်ဟု ယူဆနေကြသူတွေလည်း ရှိနေကြပါသည်။

တဖက်မှလည်း နအဖစီမံချက်ကို သဘောမတူသည့်အဖွဲ့အား စစ်အင်အားဖြင့် ဝိုင်းပတ်ပိတ်ဆို့ ဖိအားပေးတာမျိုးလည်း ရှိနေပြန်သေးသည်။ စစ်ရေးအရ ဖိအားပေးခြင်း၏ ရည်ရွယ်ချက်များတွင် ရွေးကောက်ပွဲမတိုင်မီ အပစ်ရပ်အဖွဲ့များနှင့် သေနတ်သံ ပြန်မပေါက်ရေးဆိုသည့်အချက်လည်း တချက်အပါဝင်ဖြစ်နိုင်သည်။

မည်သို့ဆိုစေကာမူ နအဖသည် ၂၀၁၀ နိုင်ငံရေးလိုအပ်ချက် (စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး) ပြည့်မီရေးအတွက် အပစ်ရပ်နိုင်ငံရေးပြဿနာများကို အဆုံးသတ်ထားချင်သည်။ ထိုအချက်ကြောင့် နအဖသည် BGF အသွင်ပြောင်းရေးစီမံချက်ကို နည်းနာပေါင်းစုံ (တရားသည်၊ မတရားသည် မခွဲခြားပဲ) ဖြင့် အကောင်အထည်ဖော်ကြပါလိမ့်မည်။ ဒီအချက်ကိုတော့ အငြင်းပွားစရာမရှိ ယုံကြည်မိသည်။

နအဖ၏ BGF အသွင်ပြောင်းရေးစီမံကိန်းသည် ထင်သလောက် ခရီးမပေါက်ခဲ့ပါ။ ရှေ့တိုးရန် အခက်အခဲ တွေ့နေချိန် လည်းဖြစ်နေသည်။ ထိုအချိန်တွင် ပြည်တွင်းနှင့် နိုင်ငံတကာကို လှည့်စားရန် ခြံထဲက ကြက်ရိုက်သတ်ပြကာ လုပ်ကြံဇာတ်လမ်းတခု ဖန်တီးရပါတော့သည်။ နိုင်ငံရေးအကြပ်အတည်းတွေ့ရှိလာလျှင် နအဖ လုပ်နေကျနည်းတခုလည်း ဖြစ်သည်။

မဆလခေတ်ကတည်းက နအဖခေတ်အထိ ရှမ်းပြည်နယ်ရှိ တော်လှန်ရေးတွေကို ဆန့်ကျင်ရန် လူတစုအား ပြည်သူ့စစ်အမည်ခံကာ ဖွဲ့စည်းပေးခဲ့သည်။ နိုင်ငံရေးအရ လိုအပ်ချိန်များတွင် ထိုလက်နက်ကိုင်လူအုပ်စုကို လူမျိုးစုနာမည်တခုတတ်ပြီး ပွဲထုတ်ကာ လူအများအား ထင်ယောင်ထင်မှားဖြစ်စေရန် နအဖလုပ်ပြလာခဲ့သည်။

အနီးဆုံးအဖြစ်အပျက်တခုမှာ – ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့၊ ရက်စွဲဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် နအဖအား နိုင်ငံရေးအရ ဝေဖန်သည့် ထုတ်ပြန်ကြေညာချက်တစောင်ကို စင်ကာပူနိုင်ငံမှနေပြီး ထုတ်ပြန်ခဲ့ဘူးသည်။ ထိုနိုင်ငံရေးထုတ်ပြန်ကြေညာချက်ကို တန်ပြန်ဆန့်ကျင်ရန်အတွက် နအဖသည် အဖွဲ့အစည်းပေါင်း (၇၀) ကျော်ကို အတုအယောင်ဖန်တီးခဲ့သည်။ ထိုအဖွဲ့များ၏ ဆန္ဒသဘောထားများကို လုယူပြီး နအဖပိုင်သတင်းစာများမှ ဒေါ်အောင်စုကြည်၏ ထုတ်ပြန်ကြေညာချက်ကို ကန့်ကွက်ကြောင်း ဖော်ပြခဲ့ဘူးသည်။ ထိုအဖွဲ့ (၇၀) ကျော်ထဲတွင် နအဖ မွေးမြူထားသည့် ပြည်သူ့စစ်အဖွဲ့ပေါင်း (၁၀) ဖွဲ့ပါရှိပါသည်။

အခုလည်း ထို (၁၀) ဖွဲ့ထဲမှ အချို့ကို အမှတ် (၁၀၀၇)၊ (၁၀၀၈)၊ (၁၀၀၉)၊ (၁၀၁၀) နယ်ခြားစောင့်တပ်ဖွဲ့ဆိုသည့် အမည်ဖြင့် မတ်လ ၃၀ ရက်၊ မေ ၁၈၊ ၂၀ ရက်များတွင် ပွဲထုတ်လာပြန်သည်။ အသွင်ကူးပြောင်းရေးစီမံချက်ကို လူကြိုက်များလာစေရန် မီဒီယာအားကိုးဖြင့် နိုင်ငံရေးကြော်ညာနေခြင်းသာဖြစ်သည်။ မျက်စေ့လည်စရာ မရှိပါ။

နအဖက တပွက်ဆူနိုင်ငံရေးနည်းပရိယာယ်ကို ချမှတ်ကျင့်သုံးနေသော်လည်း ထိုဒေသတွင်း၌ လူမျိုးရေးပြဿနာ အချွန်အတက်များကို တိုးပွားအောင် လုပ်ပေးနေခြင်းသာဖြစ်သည်။ နအဖသည် ရှင်းနေတာကို ရှုပ်အောင်လုပ်တတ်သည်။ ရှုပ်နေတာကို ရှင်းမရအောင်လုပ်တတ်သည်။ ထိုအကျင့်အတိုင်း အပစ်ရပ်နိုင်ငံရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းနေခြင်းဖြစ်သည်။ ထိုအချက်ကို နအဖနှင့် ထိတွေ့ဆက်ဆံခဲ့ဘူးသူတိုင်း သတိပြုမိကြပေလိမ့်မည်။

လွန်ခဲ့သည် နှစ် ၂၀ က နဝတ၏ နိုင်ငံရေးလိုအပ်ချက်အရ အပစ်ရပ်အဖွဲ့များ ပေါ်ပေါက်လာစေခဲ့သည်။ အခုတော့ နအဖ၏ နိုင်ငံရေးလိုအပ်ချက်အရ အပစ်ရပ်အဖွဲ့များ ပျောက်ကွယ်ရန်လိုအပ်နေပြီ။ သို့သော် နအဖဆန္ဒအတိုင်း ဖြစ်တည်မလာခဲ့ပါ။ ဖြစ်နေတာက မထွေးနိုင်၊ မအံနိုင်သည့် အစိုင်အခဲကြီးတခုအား မြုံဆို့ထားရသလိုမျိုး။ နအဖ ဖြေရှင်းနေရသည့် လတ်တလော ပြဿနာများထဲတွင် ဒီပြဿနာလည်း တခုအပါအဝင်အဖြစ် မြင်တွေ့ကြရမည်။

အကယ်၍ ထိုပြဿနာပြေလည်လိုပါက နအဖသည် ရူးမိုက်စွာ စဉ်းစားရေးဆွဲထားသည့် အသွင်ကူးပြောင်းရေးစီမံချက်ကို ဖျက်သိမ်းပစ်ရပါလိမ့်မည်။ အပစ်ရပ်အဖွဲ့များ၏ နိုင်ငံရေးတောင်းဆိုချက်များကို လေးစားလိုက်နာပေးရပါလိမ့်မည်။ မပြေမလည်ဖြစ်နေသည့် အပစ်ရပ်နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းရဲသည့် သတ္တိကောင်း မွေးမြူထားရပါလိမ့်မည်။

ဤကဲ့သို့မဟုတ်ဘဲ၊ အပစ်ရပ်နိုင်ငံရေးပြဿနာများအား လက်စမသတ်နိုင်တော့ဘဲ ဆိုင်းငံ့ထားနိုင်သည်။ နအဖစစ်အစိုးရသည် အရေခွံခွာလဲပြီး ရွေးကောက်ပွဲတွင် အနိုင်ရအောင် လုပ်မည်။ ထိုနောက် နိုင်ငံရေးအာဏာချုပ်ကိုင်ထားမည့် အသွင်ပြောင်း စစ်အစိုးရ ပုံသဏ္ဍာန်ဖြင့် ဆက်လက်ဖြေရှင်းရန် ကြံစည်နေပါလိမ့်မည်။ ဤနည်းကား ဘယ်လက်မှ ညာလက် ပြောင်းကိုင်သည့် နည်းသာလျှင်ဖြစ်သည်။ မည်သို့ဆိုစေကာမူ ပေါ်ပေါက်လာမည့်အစိုးရနှင့် လူမျိုးပေါင်းစုံပြည်သူတွေ၏ နိုင်ငံရေးပြဿနာကတော့ ဆက်လက်တည်ရှိနေဆဲ၊ ရှုပ်ထွေးနေဆဲဖြစ်နေအုံးမည်။

သို့သော် ထိုပြဿနာများအား အခုပဲ ရှင်းရှင်း၊ နောက်မှပဲ ရှင်းရှင်း ဖြေရှင်းရန် တာဝန်ရှိသူတိုင်းသည် ‘တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ အတူတကွ စည်ပင်ဝပြောရေး’ ဆိုသည့် အခြေခံမှုကို ဘေးဖယ်ထားမည်။ ပြီးတော့ ယခင် အစိုးရအဆက်ဆက်ကဲသို့ နည်းလမ်းဟောင်းဖြင့် ဖြေရှင်းကြမည် .... ဟု ဆိုပါက ဒီတိုင်းပြည်သည် အပြင်းစား နိုင်ငံရေး ပဋိပက္ခများဖြင့် ဆက်လက်ပေါက်ကွဲကာ ညံ့စီနေတော့မည်ဆိုတာကို တွေးကြည့်ရင်း စိတ်မောနေမိတော့သည်။ ။

**ရဲဘော်ထွန်းဦး**

❑ ❑ ❑

# တလအတွင်း မြန်မာ့သတင်း

❑ ပြည်တွင်းပြည်ပက အလုပ်သမားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ နအဖစစ်အစိုးရ အပါအဝင် ကမ္ဘာ့အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ILO တို့က ပြေလည်အောင် ဖြေရှင်းပေးရန် လိုအပ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မေလ ၁ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 010510)

❑ မြန်မာနိုင်ငံတွင် အသက်မပြည့်သေးသည့် ကလေးများကို နည်းမျိုးစုံဖြင့် စစ်တပ်ထဲ အဓမ္မသိမ်းသွင်းမှု ဖြစ်နေသည့် အချိန်တည်း၌ပင် ကလေးငယ်များ ပျောက်ဆုံးသည့် ဖြစ်ရပ်များလည်း ဖြစ်ပေါ်နေသည်။ (DVB 020510)

❑ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခံခဲ့ရသည့် ၂ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် က သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းသည့် အခမ်းအနားတစ်ရပ်ကို အဖွဲ့ချုပ်ရုံး၌ မေလ ၃ ရက်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။ (RFA 030510)

❑ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) အဖွဲ့ဝင်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ရုံးချုပ်တွင် မေလ ၄ ရက်နေ့က အစည်းအဝေးတရပ် ကျင်းပခဲ့သည်ဟု စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်က ပြောကြားသည်။ (NEJ 040510)

❑ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများဆိုင်ရာ သတင်း၊ ဆောင်းပါးနှင့် အင်တာဗျူးများကို စာပေစိစစ်ရေးအဖွဲ့က ပိတ်ပင်၊ ဖြတ်တောက်မှုများကြောင့် နိုင်ငံရေးပါတီများနှင့် ဂျာနယ်များအကြား မကြာခဏ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်နေသည်။ (NEJ 050510)

❑ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ကြံ့ဖွံ့)က နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းခြင်းသည် ဥပဒေနှင့် မညီကြောင်း ဝေဖန်ရေးသားမှုများကို မြန်မာနိုင်ငံရှိ သတင်းမီဒီယာများတွင် ဖော်ပြခွင့်မရကြောင်းရန်ကုန်မြို့မှ သတင်းအယ်ဒီတာတဦးက ဆိုသည်။ (Irrawddy 050510)

❑ နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည် ထောင်စု မြန်မာနိုင်ငံ) အဖွဲ့က ကျောင်းသားသမဂ္ဂများ၏ တရားဝင်အလံဖြစ်သည့် ခွပ်ဒေါင်းအလံကို သုံးစွဲသဖြင့် ကန့်ကွက်ရှုတ်ချကြောင်း အခြေခံပညာကျောင်းသားများသမဂ္ဂ (အကသ) နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) အဖွဲ့များက ယနေ့ပြောကြားလိုက်သည်။ (NEJ 060510)

❑ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် သဘောမတူခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်အချို့က ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ပါတီအမည်ကို"အမျိုးသား ဒီမိုကရေစီအင်အားစု (National Democratic Force)" ဟု အမည်ပေးမည်ဖြစ်ကြောင်း ၎င်းအဖွဲ့၏ ခေါင်းဆောင်တဦးဖြစ်သူ ဒေါက်တာသန်းငြိမ်းက ပြောသည်။ (Irrawaddy/ Mizzima 060510)

❑ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် SNLD က နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံတင်ခြင်းနှင့် ဝင်ရောက်ယှဉ် ပြိုင်ခြင်းများ ပြုလုပ်မည်မဟုတ်ကြောင်းနှင့် လူမှုရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ယမန်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ပြောကြားလိုက်သည်။ (DVB 060510)

❑ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကြံ့ခိုင်ရေးပါတီသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်ဖွဲ့စည်းခြင်းသည် မသင့်တော်ကြောင်း၊ နိုင်ငံပိုင်ပစ္စည်းများကို မသုံးစွဲသင့်ကြောင်းနှင့် တရားမျှတသည့်ရွေး ကောက်ပွဲဖြစ်စေလိုပါက သမာသမတ်ကျသည့် ကြားဖြတ်အစိုးရတရပ် ဖွဲ့စည်းပေးရန်လိုကြောင်း ပြည်ထောင်စု ဒီမိုကရေစီပါတီက မေလ ၉ ရက်နေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။ (RFA 090510)

❑ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell သည် မေလ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင် (၁၀) ဦးနှင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအချို့တို့ကိုလည်း တွေ့ဆုံခဲ့သည်။ (Irrawaddy 100510)

❑ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုးက ယခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲကာလတွင် နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို လာရောက်ခွင့်မပြုကြောင်း ပြောကြားလိုက်သည့်အတွက် နိုင်ငံရေးသမားများက စိတ်ပျက်နေကြသည်။ (NEJ/ Irrawaddy 120510)

❑ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ လက်ရှိကြုံတွေ့နေရသည့် သောက်သုံးရေ အခက်အခဲပေါ် စိုးရိမ်နေမိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ယခုထက် ပိုမိုကူညီရန် မေလ ၁၄ ရက်နေ့က သူမ၏ ရှေ့နေများနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (Mizzima 140510)

❑ မြန်မာနိုင်ငံ မြို့အသီးသီးတွင် လတ်တလော အပူဒဏ်ကြောင့်ဖြစ်သည့် နောက်ဆက်တွဲ ရောဂါများဖြင့် သေဆုံးသူ ဦးရေ မြင့်တက်လာနေပြီး ၂၀၀၉ ခုနှစ် ဧပြီ၊ မေလတို့နှင့် နှိုင်းယှဉ်ပါက (၂) ဆနီးပါးခန့်ရှိကြောင်း နာရေးကူညီမှုအသင်း (ရန်ကုန်) မှ တာဝန်ရှိသူတဦးက ပြောသည်။ (NEJ 170510)

❑ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးကြီး ချစ်ဦးနှင့်တွေ့ဆုံရန် မိုင်းနောင် စကခ က ဖိတ်ခေါ်ခဲ့သော်လည်း နအဖအား ယုံကြည်မှုမရှိသောကြောင့် သွားရောက်တွေ့ဆုံခြင်းမပြုနိုင်ကြောင်း အပစ်ရပ် SSA တပ်မဟာ ၁ ခေါင်းဆောင်က အပြတ်ငြင်းဆန်လိုက်သည်ဟု လဲချား(လိုင်းခ) ဒေသခံတဦးက ပြောပါသည်။ (S.H.A.N 180510)

❑ ယခု ၂၀၁၀– ၁၁ ပညာသင်နှစ် အတွက်အစိုးရ စာသင် ကျောင်းများ၌ ကျောင်းအပ်နှံရာတွင် သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်း မပြုရန် သက်ဆိုင်ရာက ညွှန်ကြားထားသော်လည်း အပိုငွေများ ပေးဆောင်နေရဆဲ ဖြစ်ကြောင်းရန်ကုန်မြို့မှ ကျောင်းသားမိဘများက ပြောသည်။ (Irrawaddy 190510)

❑ မြင်းခြံထောင်တွင် ကျန်းမာရေးဆိုးရွားနေသည့် လူ့အခွင့်အရေးလှုပ်ရှားသူ ကိုကျော်စိုးသည် မေလ ၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း မိသားစုဝင်များကပြောသည်။ (RFA 190510)

❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့် (၈၇) နှစ်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ နေအိမ်၌ ကွယ်လွန်သွားပြီဖြစ်သည်။ (NEJ/ Irrawaddy 200510)

❑ ရှမ်းပြည်နယ်အရှေ့ပိုင်း ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအတွင်း ဒေသခံပြည်သူ့စစ်အဖွဲ့များကို စုစည်းပြီး အမှတ် (၁၀၁၀) နယ်ခြားစောင့်တပ် အဖြစ် မေလ ၂၀ ရက်နေ့က စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီး ရဲမြင့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ (NMG 210510)

❑ ၇ ကြိမ်မြောက် ကရင်အမျိုးသားညီညွတ်ရေးနှီးနှောဖလှယ်ပွဲကို ကရင်ပြည်နယ်တစ်နေရာတွင် မေလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ၅ ရက်ကြာ အောင်မြင်စွာကျင်းပပြီးစီးနိုင်ခဲ့ပြီး ကိုယ်စားလှယ် ၁၀၃ ဦး တက်ရောက်ခဲ့သည်။ (DVB 230510)

❑ လွန်ခဲ့သည့်ရက်ပိုင်းက ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနှီးနှောဖလှယ်ပွဲတွင် "ကရင် အမျိုးသားထုအတွင်း အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရာတွင် ဒီကေဘီအေ အပါအဝင် ကရင်ခွဲ ထွက် အဖွဲ့အစည်းများကို ဥပက္ခာပြု၍မရ " ဟု ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA မှ ဗိုလ်မှူးကြီးနယ်ဒါးမြ ကပြောကြားလိုက်သည်။ (NEJ 240510)

❑ ၂၀၁၀ ခုနှစ် ပထမ ၄ လအတွင်း မြန်မာနိုင်ငံမှ ဒုက္ခသည် ၈,၀၀၀ ကျော်ကို တတိယနိုင်ငံများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ သည်ဟု ထိုင်းနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း အခြေချနေထိုင်သူများအတွက် အကူအညီပေးနေ သည့် IOM က ပြောကြားလိုက်သည်။ (RFA 240510)

❑ ၂၀၀၈ ခုနှစ် စစ်ဖွဲ့စည်းပုံကို အသက်သွင်းမည့် မတရားသည့် ရွေးကောက်ပွဲအား ပြတ်ပြတ်သားသား ဆန့်ကျင် သပိတ်မှောက်ကြရန် မေလ (၂၅) ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ်တို့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (NEJ 250510)

❑ မေလ ၂၂ ရက်နေ့က သျှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်မြို့ မြောက်ဘက်ရှိ မြို့အဝင်/အထွက်စစ်ဆေးရေးဂိတ်တွင် ဆိုင်ကယ်စီး လူငယ်တစ်စုက လက်ပစ်ဗုံးနှင့်ပစ်ပေါက်ခဲ့သောကြောင့် ရဲတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 250510)

***(NDD သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ 'တလအတွင်းမြန်မာ့သတင်း –၂၀၁၀ ခုနှစ်၊ မေလ'မှ ထုတ်နှုတ်ဖော်ပြသည်။)***

❑ ❑ ❑

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဒုတိယအကြိမ်ညီလာခံ

(၂၀၀၉ ခုနှစ်၊ မတ်လ ၁၈–၂၁ ရက်)

လုပ်ငန်းစဉ် (၈) ရပ်

၁။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာအောင် တည်ဆောက်ခြင်း။
၂။ မဟာဗျူဟာညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။
၃။ မဟာမိတ်အဖွဲ့အစည်းများနှင့် ဘုံလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း။
၄။ တက်ကြွလှုပ်ရှားသူအင်အားစု ကွန်ယက်များ တည်ဆောက်ခြင်း။
၅။ လူ့ဆော်ပညာပေးရေးနှင့် ကိုယ်စီအခွင့်အရေးတိုက်ပွဲများ ဆက်စပ်ဆောင်ရွက်ခြင်း။
၆။ တနိုင်ငံလုံးအတိုင်းအတာဆောင်သော လူထုလှုပ်ရှားမှုများဖေါ်ဆောင်ခြင်း။
၇။ စစ်တပ်/ရဲ စသည်တို့အား ပြည်သူ့ဖက်ပါဝင်လာစေရန် စည်းရုံးခြင်း။
၈။ နိုင်ငံတကာမှ မိမိတို့၏ ဒီမိုကရေစီဖေါ်ဆောင်ရေးလမ်းကြောင်းကို ထောက်ခံပံ့ပိုးစေရေးနှင့် စစ်အာဏာရှင်စံနစ် သက်ဆိုးရှည်မှု ဆောင်ရွက်နေမှုများကို ဟန့်တားစေရေး စည်းရုံးလှုံ့ဆော်ခြင်း။